# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၄၁)၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်၊ ၂၇–၄–၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြုအမှာစကားပြောကြား

## စစ်လက်နက်နှင့်စစ်အသုံးအဆောင်ပစ္စည်းဆိုသည်မှာ စစ်မြေပြင်တွင် မှတ်ကျောက်တင်ခံရမည်ဖြစ်သည့်အတွက် အရည်အသွေးပိုကောင်းသည်ထက်ကောင်းအောင်၊ စွမ်းဆောင်နိုင်ရည် မြင့်မားသည်ထက် မြင့်မားအောင် နယ်ပယ်စုံမှ ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဧပြီ ၂၆

(၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှုတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ နယ်မြေခံတပ်ဌာနချုပ်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့မှ အငြိမ်းစားတပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင် အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

နေပြည်တော် ဧပြီ ၂၆

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေ မှ ၇ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

# ငလျင်ဒဏ်သင့်ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ အကွက်အမှတ်(၈)၊ ညောင်ကွဲရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးရှေ့၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ ၈၉လမ်းတွင်လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ ၅၄လမ်းနှင့် ၁၃၃လမ်းထောင့်တို့တွင်လည်းကောင်း ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဧပြီ ၂၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ သင်္ဂဇာအရှေ့ပတ်လမ်းနှင့် လမ်း၃၀ထောင့်၊ အမရပူရမြို့နယ်၊ စစ်ကိုင်းလမ်း၊ ရွာသာရပ်၊ မှန်တန်း၊ မိုးကောင်းမွှာရုံအနီးတို့တွင်လည်းကောင်း ရောင်းချပေးသွားမည် ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

**(အပေါ်ဝဲပုံ)**

၀-၀-၀-၀-၀

# မန္တလေးတိုင်းဒေသကြီးမှ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ပေးရန် အစီအစဉ်ရှိ

**မန္တလေး ဧပြီ ၂၆**

၂၀၂၅ခုနှစ်၊ မတ်လက ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲမှ အဖြေလွှာများ ငလျင်နှင့် နောက်ဆက်တွဲ မီးလောင်မှုများကြောင့် ပြန်လည်ဖြေဆိုရမည်ဖြစ်ရာ ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား လိုအပ်သလို ထောက်ပံ့ပေးရန် အစီအစဉ်ရှိကြောင်း သိရသည်။

ပြန်လည်ဖြေဆိုရမည့် ကျောင်းသား၊ ကျောင်းသူစာရင်းကို မြန်မာနိုင်ငံစာစစ်ဌာနမှ ထုတ်ပြန်ကြေညာပေးမည်ဖြစ်၍ လက်ရှိတွင် စာရင်းအတိအကျ မသိရသေးကြောင်း၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူက ပြောသည်။

"အဖြေလွှာတွေ ပျက်စီးမှုကြောင့် ဝန်ကြီးဌာန ညွှန်ကြားချက်အရ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပပြီး ဖြေဆိုရမှာဖြစ်ပါတယ်။ ပြန်ဖြေမယ့် ကျောင်းသား၊ ကျောင်းသူဦးရေက မြန်မာနိုင်ငံ စာစစ်ဌာနက ကြေညာမှ သိရမယ်။ တတ်နိုင်တဲ့ဘက်က ထောက်ပံ့မှုတွေ လုပ်ပေးမှာပါ" ဟု ၎င်းက ပြောသည်။

ပြီးခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၂၅ ခုနှစ်၊ မတ် ၁၇ ရက်မှ ၂၂ ရက်အထိ ဖြေဆိုခဲ့ကြရာ ထိုအဖြေလွှာများမှာ ငလျင်ဒဏ်နှင့် နောက်ဆက်တွဲ မီးဘေးသင့်ခဲ့မှုကြောင့် ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများမှ ဗလာစာအုပ်နှင့် ဖတ်စာအုပ်ဆုံးရှုံးမှုရှိသူများကို ထောက်ပံ့ပေးနိုင်ရန် ပြင်ဆင်နေကြောင်း သိရသည်။ **(အပေါ်ပုံ)**



အဖြေလွှာများ ငလျင်နှင့် မီးဘေးသင့်ခဲ့မှုများကြောင့် တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန် ၁၆ ရက်မှ ၂၁ ရက်အထိ ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

# မန္တလေးမြို့တွင် ငလျင်သင့်အိမ်ထောင်စုများအား ဆန်၊ ဆီ၊ ကြက်ဥနှင့် ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့လှူဒါန်း

**မန္တလေး ဧပြီ ၂၆**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဏ္ဍိစလလူမှုကူညီရေးအသင်းရုံးတွင် ယနေ့၌ မဏ္ဍိစလလူမှုကူညီရေးအသင်းနှင့် ထိုင်းနိုင်ငံရောက် ရွှေမြန်မာများ ဖွဲ့စည်းထားသော "FRIEND FROM THAILAND AND ABROAD" တို့ ပူးပေါင်း၍ သဲကျင်းရပ်ကွက်အတွင်း နေထိုင်သော အိမ်ထောင်စုများ၊ ငလျင်ကြောင့် ပျက်စီးခဲ့ရသော အောင်မြေသာစံမြို့နယ် ကယ်ဆယ်ရေးစခန်းအတွင်းနေထိုင်သော အိမ်ထောင်စုများအား ဆန်၊ ဆီ၊ ကြက်ဥနှင့် ထောက်ပံ့ရေးပစ္စည်းများအား ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကြကြောင်း သိရသည်။



**(ဝဲပုံ)**

**(ကျော်မင်းသော်)**

၂၀၂၅ ခုနှစ် ၊ ဧပြီ ၂၇ ရက်၊ တနင်္ဂနွေနေ့။

# ဘိလပ်မြေများ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိ

ယခုအချိန်သည် ငလျင်ဘေးဒဏ်သင့်ဒေသများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်၍ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ လိုအပ်လျက်ရှိသည်။

ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ၊ သံ၊ သံမဏိစက်ရုံများ၊ အမိုး၊ အမိုးပြားစက်ရုံများ၊ အုတ်စက်ရုံများ၊ အထပ်သားစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်ချက်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်သည့်စက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်မှသာ ဈေးနှုန်းတည်ငြိမ်မှုရှိမည်ဖြစ်ကြောင်း၊ စက်ရုံမှ ထုတ်လုပ်သည့် ဘိလပ်မြေများကို ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆေးရုံများ၊ ကျောင်းများပြုပြင်ရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေးအတွက် ဦးစားပေးရောင်းချရမည်ဖြစ်ကြောင်း၊ ထို့ပြင် ငလျင်ဘေးဒဏ်သင့်ဒေသများသို့လည်း ဖြန့်ဖြူးရောင်းချနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘိလပ်မြေထုတ်လုပ်သူများအသင်းအနေဖြင့် စက်ရုံအချင်းချင်း လိုအပ်ချက်များကို အပြန်အလှန်ကူညီပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိရကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ဘိလပ်မြေများ များစွာလိုအပ်၍ စက်ရုံအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောကုန်ကြမ်းများ၊ စက်အရန်ပစ္စည်းများကို ကြိုတင်စုဆောင်းထားရှိရမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဧပြီ ၂၄ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်ရှိ ရွှေတောင်ဘိလပ်မြေကုမ္ပဏီလီမိတက်၏ အပါချီဘိလပ်မြေစက်ရုံ (ပြည်ညောင်) အစည်းအဝေးခန်းမ၌ စက်ရုံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

နိုင်ငံတော်က ဘိလပ်မြေများ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်။ အပါချီဘိလပ်မြေစက်ရုံသည် တစ်နေ့လျှင် တန် ၄၀၀၀ နှင့် တန် ၁၅၀၀ လည်ပတ်ထုတ်လုပ်နိုင်သည့် လိုင်းနှစ်လိုင်းတပ်ဆင်ထားရှိပြီး ၂၀၂၅ ခုနှစ် ဧပြီ ၅ ရက်မှ ၂၂ ရက်အထိ ကလင်ကာတန်ချိန် ၈၀၀၀၀ ခန့်ထုတ်လုပ်နိုင်ခဲ့သည်။ ဘိလပ်မြေကြိတ်စက်ရုံကို ငလျင်လှုပ်ခတ်ပြီးချိန်တွင် သုံးနာရီခန့်ရပ်တန့်၍ စက်များကို စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ထို့အပြင် တစ်စပ်တစ်ဆက်တည်းလည်ပတ်၍ ဘိလပ်မြေတန်ချိန် ၆၀၀၀၀ ထုတ်လုပ်ကာ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်းနှင့် စက်ရုံမှထုတ်လုပ်သော ကလင်ကာများကို ရန်ကုန်မြို့ သီလဝါစက်မှုဇုန်ရှိ ဘိလပ်မြေကြိတ်စက်ရုံများသို့ပေးပို့၍ ဘိလပ်မြေများထုတ်လုပ်ပြီး ပြည်တွင်းလိုအပ်ချက်ကို စက်ရုံအထိုင်ဈေး တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀ နှုန်းဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအချိန်သည် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည့်အချိန်ဖြစ်သဖြင့် နိုင်ငံတော်က ဘိလပ်မြေများ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## သတင်းများ Online မှ

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမှဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမှဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်နှင့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကံမြင့်သန်းတို့က (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်နှင့်ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းတို့က (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ယင်းနောက် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### စတင်တည်ထောင်ရန် ကြိုးပမ်းအားထုတ်ခဲ့

ထို့နောက် ခန်းမအတွင်း၌ (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေး ပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၏ စစ်လက်နက်ပစ္စည်းများထုတ်လုပ်မှုနှင့် ပတ်သက်သည့် အတိတ်သမိုင်းကို ပြန်သုံးသပ်ကြည့်မည်ဆိုပါက ကုန်းဘောင်ခေတ်နှောင်းပိုင်းဖြစ်သည့် မင်းတုန်းမင်းတရားကြီး လက်ထက်တွင် နယ်ချဲ့အင်္ဂလိပ်တို့၏ လက်နက်အားကိုးဖြင့် ကျူးကျော်လာမည့် အခြေအနေကို ရင်ဆိုင်ရန်အတွက် အိမ်ရှေ့စံကနောင်မင်းသားကြီးက စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေး စက်ရုံများ စတင်တည်ထောင်ရန် ကြိုးပမ်းအားထုတ်ခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်ကြောင်း။

### သတ်မှတ်ခဲ့


ထို့ကြောင့် ဒင်္ဂါးစက်ရုံ၊ ရက်ကန်းစက်ရုံ၊ ဆန်ကြိတ်စက်ရုံ၊ မဲနယ်စက်ရုံများနှင့် သံဖိုရုံများအပြင် လက်နက်ငယ်များ၊ အမြောက်ကြီးငယ်များနှင့် ဗုံးဆန်၊ အမြောက်ဆန်များ သွန်းလုပ်နိုင်သည့် စက်ရုံများ တည်ထောင်နိုင်ခဲ့ပြီး ရေမြှုပ်ဗုံး စမ်းသပ်ဖောက်ခွဲမှုများကိုပင် ဆောင်ရွက်နိုင်ခဲ့သည်ကို သမိုင်းမှတ်တမ်းများအရ သိရှိရကြောင်း၊ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိခဲ့ပြီးနောက် ပြည်တွင်းရောင်စုံသူပုန်များ၏သောင်းကျန်းပုန်ကန်မှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ရရှိပြီးစ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်ရန်အတွက် မြန်မာ့တပ်မတော်သည် ပြည်သူလူထုနှင့်လက်တွဲပြီး ခက်ခက်ခဲခဲ ကာကွယ်စောင့်ရှောက်ခဲ့ရသည့် သမိုင်းကြောင်းသည် အထင်အရှားရှိခဲ့ကြောင်း၊ အဆိုပါကာလတွင် တပ်မတော်ခေါင်းဆောင်များ အနေဖြင့် ကိုယ့်ပြည်တွင်းမှာပင် လက်နက်/ခဲယမ်းများ ထုတ်လုပ်နိုင်ရန် ကြံစည် ကြိုးပမ်းခဲ့ကြကြောင်း၊ ၁၉၅၀ ပြည့်နှစ် ဧပြီ ၂၆ ရက်တွင် ဖွဲ့စည်းပုံနှင့် စနစ်တကျ ဖွဲ့စည်းပြီး ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှု တပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းကြောင့် ယနေ့သည် ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့ တည်ထောင်ခဲ့သည့် (၇၅)နှစ်မြောက် စိန်ရတု နှစ်ပတ်လည်နေ့ပင်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနား တက်ရောက်လာကြသည့် အငြိမ်းစားကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့ဝင် အရာရှိကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားစဉ်။

☆ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့သည် မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့ပြီး တပ်မတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခဲ့သည့် သမိုင်းတစ်လျှောက်တွင် အရေးပါသည့် အခန်းကဏ္ဍတစ်ခုအဖြစ် စဉ်ဆက်မပြတ်ပါဝင်ခဲ့ပြီး ဖြတ်သန်းလာခဲ့သည့် (၇၅)နှစ်တာကာလအတွင်း ကောင်းမွန်သော အစဉ်အလာများ၊ ဂုဏ်ဒြပ်များကို လက်ဆင့်ကမ်းတာဝန်ယူ ဆက်လက်ထိန်းသိမ်းကြရန်နှင့် တိုင်းပြည်နှင့် တပ်မတော်အပေါ် သစ္စာရှိစွာ ကျရာတာဝန်ကို ကျေပွန်အောင် ဆက်လက်ထမ်းဆောင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်က (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့ အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ရာ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်က လက်ခံရယူစဉ်။

☆ စာမျက်နှာ ၃ မှ

ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့အနေဖြင့် **"Power To The Forces" "တပ်မတော်အတွက် စွမ်းအားဖြစ်စေရမည်"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စစ်လက်နက်ပစ္စည်းအမျိုးမျိုးအား စွမ်းရည်ပြည့်ဝစွာ တပ်မတော်သို့ ထုတ်လုပ် ပေးသွင်းနိုင်ခဲ့သည့်အတွက် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင် ခဲ့ကြသည့် တပ်ဖွဲ့အကြီးအကဲများ၊ တပ်ဖွဲ့ဝင် အရာရှိ၊ စစ်သည်များနှင့် ဝန်ထမ်းများအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း၊ စစ်လက်နက်နှင့် စစ်အသုံးအဆောင် ပစ္စည်းဆိုသည်မှာ စစ်မြေပြင်တွင် မှတ်ကျောက်တင်ခံရမည် ဖြစ်သည့်အတွက် အရည်အသွေးပိုကောင်းသည်ထက် ကောင်းအောင်၊ စွမ်းဆောင်နိုင်ရည်မြင့်မားသည်ထက် မြင့်မားအောင် နယ်ပယ်စုံမှ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**ပါဝင်ဆောင်ရွက်**

ထို့အပြင် ထူးခြားထင်ရှားသည့် စွမ်းဆောင်ချက်တစ်ရပ်အနေဖြင့် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် ထုဆစ်ပူဇော်ပြီးမြောက်ခဲ့သည့် ကမ္ဘာ့အကြီးဆုံး စကျင်ကျောက်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်သည့် **"မာရဝိဇယ"** ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင်လည်း ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များအနေဖြင့် အဓိကအခန်းကဏ္ဍမှနေ၍ ထူးခြားစွာ ပါဝင်ဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း။

နိုင်ငံတော်မှ သက်ဆိုင်ရာကဏ္ဍအလိုက် ရှေ့ဆောင်ရှေ့ရွက်ပြုပြီး ထူးချွန်စွာ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့သည့် သက်ဆိုင်ရာပညာရပ်အလိုက် နိုင်ငံတော်နှင့် တပ်မတော်အတွက် အကျိုးပြုခဲ့ကြသည့် ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်များကို နိုင်ငံတော်မှ ဂုဏ်ပြု ချီးမြှင့်လျက်ရှိရာတွင် ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှုတပ်ဖွဲ့၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများထဲမှ နိုင်ငံတော်အဆင့်၊ တပ်မတော်အဆင့် ဘွဲ့ထူး၊ ဂုဏ်ထူး၊ လက်မှတ်ရရှိသူ စုစုပေါင်း ၅၁၃ ဦး ထိုက်တန်စွာ ရရှိခဲ့ကြသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူသည်ကို ပြောကြားလိုကြောင်း။

**စဉ်ဆက်မပြတ်ပါဝင်**

ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့သည် မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့ပြီး တပ်မတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ် စောင့်ရှောက်ခဲ့သည့် သမိုင်းတစ်လျှောက်တွင် အရေးပါသည့် အခန်းကဏ္ဍတစ်ခုအဖြစ် စဉ်ဆက်မပြတ် ပါဝင်ခဲ့ပြီး ဖြတ်သန်းလာခဲ့သည့် (၇၅)နှစ်တာကာလအတွင်း ကောင်းမွန်သော အစဉ်အလာများ၊ ဂုဏ်ဒြပ်များကို လက်ဆင့်ကမ်း တာဝန်ယူ ဆက်လက် ထိန်းသိမ်းကြရန်နှင့် တိုင်းပြည်နှင့် တပ်မတော်အပေါ် သစ္စာရှိစွာ ကျရာတာဝန်ကို ကျေပွန်အောင် ဆက်လက်ထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်က တပ်ဖွဲ့သမိုင်း အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်က (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်းထုတ်လုပ်မှု တပ်ဖွဲ့နေ့ အထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က (၇၅)နှစ်မြောက် စိန်ရတု ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှု တပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုချီးမြှင့်ငွေကို ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က တက်ရောက်လာကြသည့် အငြိမ်းစား ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့ဝင် အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်းထုတ်လုပ်မှု တပ်ဖွဲ့နေ့ အထိမ်းအမှတ် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၂၆**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရွာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# တပ်မတော်တွင် နဝမအကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှု(ဒုတိယနေ့) ဆက်လက်ဆောင်ရွက်



နေပြည်တော် ဧပြီ ၂၆

တပ်မတော်တွင် နဝမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု (ဒုတိယနေ့)ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်ရာ အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုတွင် လူနာခွဲတပ်ကြပ်ကြီး မျိုးမင်းခိုင်နှင့် အသည်းအလှူရှင် ကိုမင်းခိုင်မောင်တို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

ဆက်လက်ဆောင်ရွက်

အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင်ထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၈ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသောအသည်းကို မွန်းလွဲ ၂ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုး ခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ရှစ်နာရီခွဲခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်နှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ ကျွမ်းကျင်သူများက ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

* စာမျက်နှာ ၂၄ မှ

ပစ္စည်းများကို ဈေးနှုန်းအဆမတန် မြင့်တင်ရောင်းချမှုများ ပြုလုပ်လာကြောင်းသိရှိရသဖြင့် တာဝန်ရှိသူများက ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းဖြန့်ဖြူးရောင်းချသည့်ကုမ္ပဏီများ၊ အရောင်းဆိုင်များအား ဧပြီ ၅ ရက်မှ ၁၂ ရက်အတွင်း ခေါ်ယူတွေ့ဆုံကာ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ဈေးနှုန်းအဆမတန် မြင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြင့်တင်ရောင်းချရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ထားခြင်းများ မပြုလုပ်ကြရန် သတိပေးပြောကြားခဲ့ပြီး ဝန်ခံကတိပြုလက်မှတ်ရေးထိုးစေခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

သို့ရာတွင် အချို့သောစီးပွားရေးလုပ်ငန်းရှင်များက လိုက်နာဆောင်ရွက်မှုမရှိဘဲ မတော်လောဘဖြင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ဈေးနှုန်းအဆမတန်မြင့်တင်ရောင်းချမှုများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရှိရသဖြင့် ငလျင်ဒဏ်သင့်ဒေသများအပါအဝင် မြို့ကြီးအချို့၌ ရောင်းဝယ်လျက်ရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း အရောင်းဆိုင်/သိုလှောင်ရုံ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများကို တာဝန်ရှိသူများက ဧပြီ ၂၃ ရက်တွင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

စစ်ဆေးတွေ့ရှိချက်များအရ ဘိလပ်မြေတံဆိပ်အမျိုးမျိုးကို ဝယ်ရင်းဈေးထက် အဆမတန်အမြတ်ယူရောင်းချလျက်ရှိသည့်ဆိုင် ၆၂ ဆိုင်ကို စစ်ဆေးတွေ့ရှိရသည့်အတွက် တည်ဆဲဥပဒေများနှင့်အညီ အမှုဖွင့်လှစ်၍ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း အရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များအနေဖြင့် အများပြည်သူ အခက်အခဲဒုက္ခများ ကြုံတွေ့နေရသည်ကို အခွင့်ကောင်းယူကာ ဈေးနှုန်းအဆမတန်မြင့်တင်ရောင်းချခြင်းများ မပြုလုပ်ကြရန်နှင့် မိဘပြည်သူများအနေဖြင့် ထိုကဲ့သို့ ဈေးနှုန်းအဆမတန်မြင့်တင်ရောင်းချနေသည့်သတင်းများ သိရှိရပါက တာဝန်ရှိအုပ်ချုပ်ရေးအဖွဲ့အစည်းများထံသို့ သတင်းပေးပို့နိုင်ပါရန် အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်



ဌာနဆိုင်ရာများပါဝင်သည့် ပူးပေါင်းအဖွဲ့က ဧပြီ ၂၃ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်နှင့် သိုလှောင်ရုံများအား စစ်ဆေးဆောင်ရွက်စဉ်။





ဌာနဆိုင်ရာများပါဝင်သည့် ပူးပေါင်းအဖွဲ့က ဧပြီ ၂၃ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်နှင့် သိုလှောင်ရုံများအား စစ်ဆေးဆောင်ရွက်စဉ်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၂၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဧပြီ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Kyaw Gyi" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ စစ်ကွင်းမြို့၊ ဥတိုမြန်မာစုကျေးရွာနေ ကျော်မင်းအောင်(ခ)ကျော်ကြီးအား ည ၅ နာရီတွင် စစ်ကွင်းနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ၅၀၀ ကေဗွီ လှိုင်သာယာ(အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းတိုးတက်မှုအခြေအနေ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၂၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီ လှိုင်သာယာ (အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်း၏ လုပ်ငန်းတိုးတက်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ထိုသို့ကြည့်ရှုစဉ် တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ၅၀၀ ကေဗွီလှိုင်သာယာ (အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံစီမံကိန်းနှင့် ဆက်စပ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လက်ရှိလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလျာထားချက်အတိုင်း လုပ်ငန်းများပြီးစီးနိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးသတိ၊ လုံခြုံရေးအသိအမြဲရှိစေရေး၊ လုပ်ငန်းခွင်သုံးပစ္စည်းများ စနစ်တကျအသုံးပြုစေရေး၊ စီမံကိန်းတွင် တပ်ဆင်အသုံးပြုမည့် စက်ပစ္စည်းများကို အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်သွားရန်နှင့် တပ်ဆင်ပြီးစီးသည့် ထရန်စဖော်မာများနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ စက်ပစ္စည်းကိရိယာများကို ငလျင်ဒဏ်သက်ရောက်မှု ရှိ၊ မရှိ ပညာရှင်အဖွဲ့နှင့် ထပ်မံစစ်ဆေးဆောင်ရွက်ပြီး ကျန်ရှိသည့်လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးပြတ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် ခွဲရုံ၏ လစ်လပ်မြေနေရာများ၌ ရာသီသီးနှံ သီးပင်စားပင်၊ အရိပ်ရလေကာပင်နှင့် နှစ်ရှည်ပင်များ မိုးရာသီကာလတွင် စိုက်ပျိုးနိုင်ရေး ကြိုတင်စီစဉ်ထားရှိရန်တို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ထရန်စဖော်မာများနှင့် Shunt Reactor တပ်ဆင်ပြီးစီးမှု၊ Hybrid Gas Insulated Switchgear (HGIS) တပ်ဆင်ပြီးစီးမှု၊ 500 kV Switch Bay နှင့် 230 kV Switch Bay တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် Control Building တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယခုအကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် ၅၀၀ ကေဗွီ လှိုင်သာယာ(အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံစီမံကိန်းသည် လက်ရှိအချိန်တွင် စီမံကိန်းတစ်ခုလုံးအနေဖြင့် ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကာ စီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေး ကြည့်ရှုအားပေး



ဘားအံ ဧပြီ ၂၆

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်း ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် သမ္ဘာန်ကျေးရွာအုပ်စုရှိ တောင်သူဦးထွန်းရင်၏ စိုက်ပျိုးဖြစ်ထွန်းနေသော နွေစပါးဆင်းသုခစိုက်ခင်း၊ တောင်သူ ဦးခိုင်ဝင်း၏ ပုဂ္ဂလိကမန်ကျန်ရှားပျိုးခြံ၊ တောင်သူနော်မုထူး၏ နွေစပါးဆင်းသုခစိုက်ခင်း ၇ ဒသမ ၅၀ ဧကနှင့် ပုဂ္ဂလိက ကူဘိုတာရိတ်သိမ်းခြွေလှေ့စက်ဖြင့် နွေစပါးစက်ကွက်ရိတ်သိမ်းခြင်းနှင့် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ စက်ကွက်ရိတ်သိမ်းခြင်းတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်သူဦးကျောက်လုံး၏ ရိတ်သိမ်းပြီး နွေစပါးစိုက်ခင်း၌ မိုးကြိုထယ်ရေးခံခြင်း၊ ထုံးထည့်သွင်းခြင်းနှင့် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) စပေါင်းကြဲပက်ခြင်းကွင်းသရုပ်ပြပွဲသို့ တက်ရောက်ပြီး ထီလုံ၊ သမ္ဘာန်၊ သပုထို၊ နောင်သင့်ကျေးရွာများမှ တောင်သူများနှင့်အတူ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့များ ကြဲပက်ကာ ပြည်နယ်ဝန်ကြီးများနှင့်အတူ တက်ရောက်လာသော တောင်သူများအား ပိုက်ဆံလျှော်မျိုးစေ့များ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန (မျိုးစေ့ဌာနခွဲ) လှိုင်းဘွဲ့မျိုးသန့်ခြံအတွင်း စိုက်ပျိုးထားရှိသော နွေစပါးစိုက်ခင်းနှင့် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)စိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုအားပေး၍ မြေဧရိယာ ၁၄၆၈ ဧကကို စိုက်ပျိုးရေ ပေးဝေနိုင်သော လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီးရှိ ရေဘုတ်ရေလှောင်တမံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့နယ် မိဖံ(ဆိတ်၊ဝက်) မွေးမြူရေးဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာတင်နွယ်ရီက မိဖံမွေးမြူရေးဇုန်အတွင်း မွေးမြူလုပ်ကိုင်လျက်ရှိသော လုပ်ငန်းရှင်များနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဝက်၁၀၂၅၁၉ ပိဿာ၊ ဆိတ် ၂၉၁၆ ပိဿာ ထုတ်လုပ်မှု အခြေအနေနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုးတက်မွေးမြူ ထုတ်လုပ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တောင်သူများက တိရစ္ဆာန်အစာထုတ်လုပ် ရောင်းချမှုအခြေအနေ၊ တိုးချဲ့မွေးမြူထုတ်လုပ်နိုင်ရေး လျှပ်စစ်မီးရရှိမှု၊ မျိုးကောင်းမျိုးသန့်ရရှိနိုင်ရေးနှင့် သောက်သုံးရေရရှိရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မွေးမြူရေးတောင်သူများအား တိရစ္ဆာန်သုံးဆေးဝါးများနှင့် အာဟာရဆားခဲများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိဖံမွေးမြူရေးဇုန်အတွင်း တိရစ္ဆာန်စွန့်ပစ် အညစ်အကြေးများကို အသုံးပြု၍ သဘာဝမြေဩဇာ ထုတ်လုပ်ရောင်းချနေသော ရွှင်ပျော်သဘာဝဇီဝမြေဩဇာစက်ရုံ၊ တောင်သူဦးဇော်ဌေးအောင်၏ အသားတိုးဝက်အကောင် ၅၀၀ မွေးမြူရေးခြံ၊ တောင်သူဦးတင်ဝင်း၏အသားတိုးဝက်အကောင် ၁၅၀ မွေးမြူရေးခြံနှင့် တောင်သူဦးနေတိုး၏ ဆိတ်အကောင်၁၀၀ မွေးမြူရေးခြံတို့ကို လှည့်လည်ကြည့်ရှု အားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# သဘာဝဘေးဒဏ်ကြံ့ကြံ့ခံနိုင်သည့်မွေးမြူထုတ်လုပ်ရေး လုပ်ငန်းများဖြစ်စေရေး အားပေးမြှင့်တင်

နေပြည်တော် ဧပြီ ၂၆

နေပြည်တော်ကောင်စီနယ်မြေ၏ မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် အားကစားခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဌာနတာဝန်ရှိသူများနှင့် မွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်သည်။



ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက သဘာဝဘေးဒဏ်ကြံ့ကြံ့ခံနိုင်သည့် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများဖြစ်စေရေး အားပေးမြှင့်တင်ရန် ဝန်ကြီးဌာန၏ စီမံဆောင်ရွက်နေမှုဒေသနေပြည်သူများအာဟာရပြည့်ဝသည့် မွေးမြူရေးထွက်ကုန်များ ဈေးနှုန်းချိုသာစွာစားသုံးနိုင်ရေး၊ မွေးမြူရေးအခြေခံ အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးလာရေးအတွက် ပုဂ္ဂလိကကဏ္ဍမြှင့်တင်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာကြသည့် မွေးမြူရေးလုပ်ငန်းရှင်များက မွေးမြူရေးလုပ်ငန်းနှင့် အသားထုတ်လုပ်မှုကဏ္ဍ အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကိုတင်ပြကြရာ ဒုတိယဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လယ်ဝေးမြို့နယ်ရွာသစ်ကြီးကျေးရွာရှိပုဂ္ဂလိက အသားတိုးဝက်မွေးမြူရေးခြံ၌ အသားတိုးဝက်နှင့် အသားတိုးကြက်များ မွေးမြူထားရှိသော မွေးမြူရေးခြံများကိုလည်းကောင်း၊ သရက်ခုံကျေးရွာရှိ ပုဂ္ဂလိက နို့စားနွားမွေးမြူထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး၊ လုပ်ငန်းခွင် ဆောင်ရွက်သူများ ကူးစက်ရောဂါ ကင်းစင်ရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် မွေးမြူမှုစနစ်များ၊ ရောဂါထိန်းချုပ်ကာကွယ်ရေးဆိုင်ရာများ ပညာပေးဆွေးနွေးမှာ ကြားသည်။

ယင်းနောက် အလယ်ကျွန်းအုပ်စု သစ်ခေါက်ခွရွာ ပုဂ္ဂလိကငါးမွေးမြူရေးကန်၌ လယ်ဝေးမြို့နယ်အတွင်းရှိငါးမွေးတောင်သူ ၄၁ ဦးနှင့် တွေ့ဆုံ၍ အာဟာရပြည့်ဝသော ငါးအသားရိက္ခာကို ပြည်သူများဖူလုံစွာ စားသုံးနိုင်ကြစေရန်နှင့် သင့်တင့်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးနိုင်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး ငါးမွေးမြူရေးတောင်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေ ငလျင်ဒဏ်သင့် ပညာရေးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများနေထိုင်ရန် နှစ်ခန်းတွဲ ဘာရှာအဆောက်အအုံများဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၂၆

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးငလျင်ကြီးဘေးဒဏ်သင့် ပညာရေးဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများနေထိုင်ရန် နှစ်ခန်းတွဲ ဘာရှာအဆောက်အအုံများ ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

### ဖြည့်ဆည်းဆောင်ရွက်

ထိုသို့ကြည့်ရှုစဉ် တာဝန်ရှိသူများက နှစ်ခန်းတွဲ ဘာရှာအဆောက်အအုံ နမူနာဆောက်လုပ်ထားရှိမှု၊ လုံလောက်သောလမ်းအကျယ် ဖောက်လုပ်ထားမှုနှင့် ဘာရှာအဆောက်အအုံများ ဆက်လက်ဆောက်လုပ်နေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးက ဘာရှာအဆောက်အအုံများကို မိုးလေမကျမီ သတ်မှတ်ချိန်ကာလအတွင်း အမြန်ပြီးစီးအောင် ဆောက်လုပ်ကြရန်၊ ရေစီးမြောင်းများနှင့် မိုးတွင်းကာလသွားလာရန်လမ်းများ ကောင်းမွန်အောင် စနစ်တကျဆောင်ရွက်ရန်၊ ပညာရေးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ လုံလုံခြုံခြုံ နေထိုင်နိုင်ရန် ရည်ရွယ်ဆောက်လုပ်နေသည့် ဘာရှာအဆောက်အအုံတွင် သန့်ရှင်းသောသောက်သုံးရေ ရရှိရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော သန့်စင်ခန်းများကို ပြည့်စုံသောမိလ္လာစနစ်ပူးတွဲ၍ တည်ဆောက်ပေးရန်၊ လိုအပ်သောလျှပ်စစ်မီးရရှိရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန်၊ ပညာရေးဝန်ထမ်းများအနေဖြင့် လာမည့်ပညာသင်နှစ် ဇွန်လကျောင်းဖွင့်ချိန်တွင် ကျောင်းများဖွင့်လှစ်နိုင်ရေးနှင့် မိမိတို့ဦးစီးဌာနအလိုက် ရုံးလုပ်ငန်းကိစ္စများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် အလေးထားဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မကွေးတက္ကသိုလ်အတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှု ကြည့်ရှုအားပေး




မကွေး ဧပြီ ၂၆

မကွေးတိုင်းဒေသကြီး သန့်ရှင်းသာယာလှပရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များတွင် မြို့ပတ်ဝန်းကျင်များ သန့်ရှင်းသာယာလှပရေး အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မကွေးတက္ကသိုလ်ဝင်းအတွင်း ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပရဟိတလူမှုအဖွဲ့အစည်းများ စုပေါင်း၍ မကွေးတက္ကသိုလ်ဝင်းအတွင်းရှိ မြက်ပင်များ၊ သစ်ပင်ကြီးများနှင့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများအတွင်းရှိ အမှိုက်သရိုက်များကို အမှိုက်ကားများဖြင့် စနစ်တကျသိမ်းဆည်းခြင်း စသည့် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ကြသည်။

### လမ်းညွှန်မှာကြား

အဆိုပါ စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့သည့် လာအိုနိုင်ငံသားတစ်ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်

နေပြည်တော် ဧပြီ ၂၆

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် လာအိုနိုင်ငံသားတစ်ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးသည်။

### ဖြည့်စွက်မှာကြား



အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများကို လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကရင်ပြည်နယ်လူမှုရေးရာ ဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ လာအိုသံရုံးမှ Second Secretary Mr. Boun Kham နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တဲ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၂၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၄၀ ကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၇၃၁၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၁၇၂၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ-တရုတ်-ထိုင်းသုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)တို့ဖြင့် စဉ်ဆက်မပြတ်တက်ကြွစွာ ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနား တက်ရောက်




နေပြည်တော် ဧပြီ ၂၆

မန္တလေးငလျင်ကြီးကြောင့် နေပြည်တော်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် ဥပ္ပါတသန္တိ(တပေါင်းကွင်း)၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ငလျင်ဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ငလျင်ဖြစ်ပေါ်လာရသည့် အခြေအနေ၊ အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်မှုကြောင့် ပြည်သူများနှင့် ဝန်ထမ်းများ ထိခိုက်ဆုံးရှုံးမှုရှိခဲ့ကြောင်း၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုများနှင့်ပတ်သက်၍လည်း အဆောက်အအုံပျက်စီးမှုများအပေါ်မူတည်ပြီး နိုင်ငံတော်က ထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသည့် လူနာများအား ယာယီဆေးရုံများ ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သွားရောက်ကြီးကြပ်ပြီး အမြန်ဆုံးဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့သည့် သေဆုံးသူတစ်ဦးလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ၁၉၉ ဦးအတွက် စုစုပေါင်းထောက်ပံ့ငွေကျပ် ၅၉၇၀၀၀၀၀ ကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်မှ ထောက်ပံ့သည့် သေဆုံးသူတစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ၁၉၉ ဦးအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၉၉၀၀၀၀၀၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က မန္တလေးငလျင်ကြီးကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် ဇမ္ဗူသီရိမြို့နယ်မှ သေဆုံးသူများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် မိသားစုဝင်များအား ဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြောင်းရွှေ့နေရာချထားပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၆

မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသော ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ အတွက် ပြည်တွင်း၊ ပြည်ပမှ အလှူရှင်များက ထောက်ပံ့ငွေများ နှင့် အစားအသောက်များ၊ ဆေးပစ္စည်းများနှင့် တစ်ကိုယ်ရေသုံး ပစ္စည်းများကို လာရောက်လှူဒါန်းလျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇမ္ဗူသီရိမြို့နယ် ဝန်ကြီးဌာနမှ ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် မိသားစုဝင်များ အား ယာယီနေထိုင်နိုင်ရန် ပြင်ဆင်နေရာ ချထားပေးသည့် အစိုးရ စက်မှုလက်မှုသင်တန်းကျောင်းအနီးရှိယာယီတည်းခိုရေး စခန်းသို့သွားရောက်၍ ပြောင်းရွှေ့နေရာချထားပေးနိုင်ရေးအတွက် ပြင်ဆင် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မိုးတွင်းကာလ မရောက်မီ အမိုးအကာအောက်သို့ အမြန်ဆုံး ပြောင်းရွှေ့နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနမှ အပြာရောင်အဆင့် သတ်မှတ်ချက်ပါ ဝန်ထမ်းအဆောင်များသို့ သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို ပြန်လည်ပြင်ဆင်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး ပြင်ဆင်မွမ်းမံရာတွင် သတ်မှတ်ထားသော SOP ပါ စံသတ်မှတ်ချက်များ အတိုင်း အရည်အသွေး မှန်ကန်စွာဖြင့် ပြင်ဆင် ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများ ဆောလျင်စွာပြီးစီးအောင် ဆောင်ရွက်ကြရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်



## အစားအသောက်ရောင်းချသည့် ဝန်ဆောင်မှုများနှင့်ပတ်သက်၍ စားသောက်ဆိုင်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၊ ကွင်းဆင်းစစ်ဆေး

မြင်းခြံ ဧပြီ ၂၆

အစားအသောက်ရောင်းချသည့် ဝန်ဆောင်မှုများနှင့်ပတ်သက်၍ စားသောက်ဆိုင်ပိုင်ရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၂၄ ရက် မွန်းလွဲ ၃နာရီခွဲက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင် စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြင်းခြံခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးက စားသောက်ကုန်များ ကျန်းမာရေးနှင့်ညီညွတ်စွာရောင်းချရေး၊ သင့်တင့်သော ဈေးနှုန်းများဖြင့် ပြည်သူများ စားသုံးနိုင်ရန် ရောင်းချရေးများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော စားသောက်ဆိုင်လုပ်ငန်းရှင်များ၏ သိလိုသည်များကို ပြန်လည်ဖြေကြားပေးခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဧပြီ ၂၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မိတ်ဖက်အဖွဲ့များနှင့်အတူ ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်များရှိ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များအား အစားအသောက်ရောင်းချမှုနှင့်ပတ်သက်၍ စားသုံးသူပြည်သူများကို နစ်နာဆုံးရှုံးမှုမရှိစေရေး စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(ဝ၄၅)

၀-၀-၀-၀

## နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကုန်မျိုးစုံ ဈေးကားများသည် နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၂၇ ရက်မြောက်နေ့အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။



မတ် ၃၀ ရက်မှ ဧပြီ ၂၆ ရက်အထိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာန ဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံ ဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ခနေသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက် အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက် အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ်(၅၂)၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဇေယျာသီရိခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုဗ္ဗသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ပါ (မနောသုခ-Export Quality) ၉၆၃၆ အိတ်၊ ဆန်ငါးပြည်ပါ(ဖျာပုံပေါ်ဆန်း) ၂၂၂၃ အိတ်၊ ဆီ ပိဿာ ၂၆၇၇၀၊ ဆား ပိဿာ ၅၈၃၀၊ ကုလားပဲ ၂၀ ကျပ်သားပါ ၅၀၇၉ ထုပ်၊ ငါးပိ ၁၂၄၉ ပိဿာ၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပြခြောက်များ၊ ကြက်ဥ၊ ဘဲဥများနှင့် ခေါက်ဆွဲခြောက်ထုပ်များကိုလည်း ရောင်းချပေးခဲ့သည်။

ထို့အတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၂၈၃ အိတ်၊ စားအုန်းဆီ ၄၅၆၅ ပိဿာ၊ ဆား ၄၆ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၂၃၅ ထုပ်၊ ငါးပိ ၁၅ ပိဿာ၊ ကြက်သွန်နီ ၅၂၇ ပိဿာ၊ အသားတုံ ၂၂ ပိဿာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုစွန်ခြောက်များကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၁၂၇၆၄ အိတ်၊ စားအုန်းဆီ ပိဿာ ၄၈၄၀၀၊ ဆား ၉၆ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၇၉ ထုပ်၊ ငါးပိ ၇၄ ပိဿာ၊ ငါးနီတူခြောက်၊ အာပြခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက် ထုပ်များကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၆

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေး အဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေး အသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာ ကောင်းမှုတော်စေတီ၊ ကျောက်ဆစ်ရပ်ကွက်ရှိ နည်းပညာတက္ကသိုလ် (စစ်ကိုင်း)၊ သောတပန်ရပ်ကွက်ရှိသုတေသက သီလရှင် ကျောင်းတိုက်နှင့် ဇနကာရာမ ကိုးကန့်ကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၊ စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင်စေတီတော်၊ နန်းဦးမြို့သစ်ရှိ မဟာစေတီလှနှင့် မရှိခဏစေတီ၊ နန်းစုရပ်ကွက်ရှိ လူနေအဆောက်အအုံများတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသောသာသနိကအဆောက်အအုံများ၊ အရံစေတီများအား ရှင်းလင်း ဖယ်ရှားနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မရှိခဏစေတီတော်ကြီးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့များက ဖယ်ရှားရှင်းလင်းနေစဉ် မရှိခဏစေတီတော်ကြီး၏ ဘုရားဌာပနာ လက်ဝတ်ရတနာပစ္စည်းများကို တွေ့ရှိရသဖြင့် သက်ဆိုင်ရာ ဆရာတော်နှင့် တာဝန်ရှိသူများအား စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ နန်းမြို့ရိုးနေရာအား အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုနှင့် ဖယ်ရှား ရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ တံတားဦးမြို့ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ် အဆောက်အအုံ ပျက်စီးမှု ပြန်လည်ပြုပြင်နေမှုနှင့် လေယာဉ်ခရီးစဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲနေမှု အခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တံတားဦးမြို့ ခရိုင်နှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းပြီးစီးမှု အခြေအနေများ၊ မြို့တွင်းရှိ မဟာဆေးအိုးဖိုဘုရားအပါအဝင် အန္တရာယ်ရှိ အဆောက်အအုံ အပျက်အစီးများ ဖယ်ရှား ရှင်းလင်းနေမှုများ၊ အဆောက်အအုံ အပျက်အစီးများ ဖယ်ရှားရှင်းလင်းပြီး အိမ်အဆောက်အအုံအသစ် ပြန်လည်ဆောက်လုပ်ကာ မိသားစုများ ပြန်လည်နေထိုင်နေသည့် အခြေအနေများကို ကြည့်ရှု၍ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ပေးအပ်**

ယင်းနောက် တံတားဦး အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ အပျက်အစီးများ ဖယ်ရှား ရှင်းလင်းပြီးစီးမှု၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပစစ်ဆေးရာတွင် ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် မြန်မာ့စီးပွားရေးဘဏ်မှ ယာယီရုံးဖွင့်လှစ်ထားရှိပြီး ရုံးလုပ်ငန်းများ ပုံမှန် လည်ပတ်ဆောင်ရွက်နေမှုကို ကြည့်ရှုပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တံတားဦး မြို့နယ်ခန်းမသို့ သွားရောက်၍ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ငလျင်ဒဏ်သင့်ပြည်သူများအတွက် မိုးကာတဲ၊ စောင်၊ ခြင်ထောင်နှင့် အဝတ်အထည်များပေးအပ်သည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ချမ်းသာကြီးမြတ်စွာဘုရား၊ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီး၊ အမရပူရမြို့နယ်ရှိ ရွှေဘုံသာကျောင်းတို့သို့သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုနှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ဘုရား၊ စေတီ၊ ပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှု၍ ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် သန့်ရှင်းရေး ဆောင်ရွက်နေသည့်အဖွဲ့များအား စားသောက်ဖွယ်ရာများ ပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသူ ကျောင်းသားများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများက ကျောက်ဆည်မြို့ ပြည်လုံးနိုင်ရပ်ကွက်ရှိ အန္တရာယ်ရှိ အဆောက်အအုံအား ယန္တရားစက်ဖြင့်ရှင်းလင်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် မှာကြားပြီး စာမျက်နှာ ၁၀ သို့ ★



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများ စစ်ကိုင်းမြို့ ဇနကာရာမကိုးကန့်ကျောင်းတိုက်၌ ပြိုကျပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများ တံတားဦးမြို့၌ အိမ်အဆောက်အအုံအသစ် ပြန်လည်ဆောက်လုပ်ကာ မိသားစုများပြန်လည်နေထိုင်နေသည့် အခြေအနေများကိုကြည့်ရှု၍ အားပေးစကားပြောကြားစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများ ကျောက်ဆည်မြို့ ကြွနှစ်ကောင်ဘိလပ်မြေစက်ရုံ၌ ဗဟိုထိန်းချုပ်ခန်း၊ Kiln မီးသင်းဖိုပြုပြင်နေမှုများ၊ Cement Packing အဆောက်အအုံထုတ်လုပ်မှုဆိုင်ရာ စက်ပစ္စည်းများပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများ မန္တလေးမြို့ သာသနိကအဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# ပလတ်စတစ်အိတ်သုံးစွဲမှု လျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်နှင့် ၄က်ပျောဖက်များ ဖြန့်ဝေ

**အထက်မင်းလှ ဧပြီ ၂၆**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့ချသုံးစွဲစေရန် ရည်ရွယ်၍ ဇေယျာသီရိဈေးတွင် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ် (ကြွပ်ကြွပ်အိတ်) အစား ၄က်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်နှင့် ၄က်ပျောဖက်များ ဖြန့်ဝေပေးခြင်းကို ယမန်နေ့ နံနက် ၈ နာရီက ဆောင်ရွက်ကြသည်။



အဆိုပါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ၄က်ပျောဖက်များ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်) အသုံးပြုမှုလျှော့ချရေးအတွက် အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**စာစာ(အထက်မင်းလှ)**



# တရားမဝင် သစ်မျိုးစုံနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ဦးအောင်ဇေယျ (၅)လမ်းရှိ ကမ်းနားဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းလေးမျိုးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧပြီ ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့ အတွင်း၌ တရားမဝင်ကျွန်းသစ် ၅ ဒသမ ၇၀၂ တန်၊ သစ်မာ ၀ ဒသမ ၃၁၈ တန်၊ အခြားသစ် ၄ ဒသမ ၂၂၃ တန်ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဧပြီ ၁၈ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲငါးမှုကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

# ရန်ကုန်-မန္တလေးလမ်းတွင် ယာဉ်မတော်တဆမှုဖြစ်ပွား

**မန္တလေး ဧပြီ ၂၆**

ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင်အမှတ် (၁၉/၇)နှင့် မိုင်(၂၀) ကြားတွင် ဧပြီ ၁၉ ရက် ညနေ ၄ နာရီခန့်က ယာဉ်မတော်တဆမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် (၁၁)မိုင် အမြန်လမ်းရဲစခန်းနှင့် မီးသတ်စခန်းတို့မှ တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့ကြသည်။



ဖြစ်စဉ်မှာ နေပြည်တော်မှ ရန်ကုန်သို့ မောင်းနှင်လာသော Toyota Alphard အမျိုးအစား အဖြူရောင်ယာဉ်သည် ယာဉ်၏ ယာဘက်ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းမကြီးကာရံထားသော Guard Rail တန်းအား ဝင်ရောက်တိုက်မိကာ ယာဉ်မှာ လမ်းဘေးမြေသားလမ်းပေါ်သို့ တိမ်းမှောက်ရပ်တန့်ခဲ့သည်။

ယာဉ်မတော်တဆမှုကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းအပါအဝင်အမျိုးသား ငါးဦး၊ အမျိုးသမီး သုံးဦးအနက် အမျိုးသားနှစ်ဦး၊ အမျိုးသမီး သုံးဦး ထိခိုက်ဒဏ်ရာရရှိပြီး ဥဏ်ဩသရလူမှုကူညီရေးအသင်းယာဉ်ဖြင့် လှည်းကူးဆေးရုံသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

★ စာမျက်နှာ ၉ မှ

တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း လျှင်ဒဏ်သင့်အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၂၁၅၂ လုံးအား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နိုင်မည့်အဆောက်အအုံ ၁၉၀၄ လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံ ၂၄၈ လုံးမှ အဆောက်အအုံ ၁၇၄ လုံးကို ရှင်းလင်းနိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၇၄ လုံးဖြစ်ကြောင်း သိရသည်။

ထို့နောက် Myanmar Conch Cement Co.,Ltd.(ALPHA) ဘိလပ်မြေစက်ရုံ ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံတာဝန်ရှိသူများက လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ စက်ရုံများပြုပြင်နိုင်ရန် ပထမအပိုင်းလုပ်ဆောင်မှုအနေဖြင့် ပြည်ပမှပညာရှင်များဖြင့် Power Plant များ ပြင်ဆင်ပြီး ဇွန် ၂၀ ရက်တွင် Clinker များ စတင်ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ Cement Mill ပြင်ဆင်ပြီး အောက်တိုဘာ ၂၁ ရက်တွင် ကုန်ချောများ စတင်ထုတ်လုပ်နိုင်ပြီး လုပ်ငန်းများ လည်ပတ်ရန် ရည်မှန်းချက်ထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် မြန်မာသံတော်မြတ်ကုမ္ပဏီလီမိတက်၊ ကြွနှစ်ကောင်ဘိလပ်မြေစက်ရုံ ဗဟိုထိန်းချုပ်ခန်း၊ Kiln မီးသင်းဖို ပြုပြင်နေမှုများ၊ Cement Packing အဆောက်အအုံ ထုတ်လုပ်မှုဆိုင်ရာ စက်ပစ္စည်းများ ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံတာဝန်ရှိသူများက လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ စက်ကိရိယာများ ပြင်ဆင်ရန် လျာထားစီမံချက်အနေဖြင့် ကုန်ထုတ်လိုင်းအမှတ် (၁) အား မေ ၁၅ ရက်တွင် လည်ပတ်နိုင်ရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျောက်မီးသွေးခုတ်အားပေးစက်ရုံအား ဇွန်လကုန်တွင် ပြန်လည်လည်ပတ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်ကုန်ထုတ်လိုင်းအမှတ် (၂)အား မူလဆောက်လုပ်သူ Sinoma Company မှ ပညာရှင်များဖြင့် အသေးစိတ်ပြုပြင်ရမည်ဖြစ်၍ ခြောက်လခန့် အချိန်ယူဆောင်ရွက်ရမည် ဖြစ်ကြောင်း တင်ပြချက်များအပေါ် မေ ၁၅ ရက်တွင် ကုန်ထုတ်လိုင်းအမှတ် (၁)အား အပြီးပြုပြင်ပြီးပါက တစ်ရက်လျှင် တန် ၅၀၀၀ (ဘိလပ်မြေ အိတ်တစ်သိန်း) အမြန်ထုတ်လုပ်နိုင်မည် ဖြစ်သဖြင့် ပြုပြင်မှုတွန်းအားပေး ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဆင်မင်းဘိလပ်မြေစက်ရုံမှ Cement Silo များ ပြုပြင်နေမှုများ၊ Soil Test များ ပြုလုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လျှပ်စစ်မီးရရှိအောင် ပြုလုပ်ပေးပြီးဖြစ်သဖြင့် စက်ရုံအား အမြန်ဆုံး ပြုပြင်ဆောင်ရွက်ပြီး လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၃ ရက် ညနေ ၆ နာရီက လှိုင်လင် - တောင်ကြီးသွားကားလမ်း၊ လှိုင်လင်တိုးဂိတ်တွင် ကျော်အာကာသိန်း မောင်းနှင်လာသည့် TOYOTA ALPHARD ယာဉ်နှင့် သက်နိုင် မောင်းနှင်လာသည့် TOYOTA ALPHARD ယာဉ်တို့ကို သတင်းအရ စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ကျော်အာကာသိန်း မောင်းနှင်သည့်ယာဉ်မှာ တောင်ကြီးဘက်သို့ မောင်းနှင်ထွက်ပြေးသဖြင့် ပိတ်ဆို့ဖမ်းဆီးခဲ့ရာ လှိုင်လင်-တောင်ကြီးသွားလမ်းရှိ ချိုခမ်းကျေးရွာအဝင်တွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်းယာဉ် နှစ်စီးပေါ်မှ စိတ်ပြောင်းဆေးဝါး ကက်တမင်း ၁၀၀၀ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဧပြီ ၁၄ ရက် နံနက် ၁၁ နာရီက ကျိုင်းတုံမြို့၊ ယန်းလောကျေးရွာအုပ်စု၊ ကျိုင်းဖောင်းရွာအနီးတွင် စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရာတွင် အဓိကပါဝင်သူများဖြစ်သည့် ရန်အောင်ကျော်(ခ)အိုက်ကျိုင်းနှင့် ထွန်းကိုကို(ခ)အိုက်လုံတို့အား TOYOTA PRADO မော်တော်ယာဉ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ကက်တမင်းများအား ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့မှ ရန်ကုန်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀-၀



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးမြို့မှ ပြန်လည်ထွက်ခွာမည့် ထိုင်းနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များအား တွေ့ဆုံနှုတ်ဆက်

**မန္တလေး ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် မန္တလေးမြို့မှ ပြန်လည်ထွက်ခွာမည့် ထိုင်းနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များဖြစ်သော ထိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ Colonel Thoetsak Jaiaree ပါ ၂၁ ဦးနှင့် Thailand Emergency Medical Team မှ အဖွဲ့ခေါင်းဆောင် Dr.Patthaphong Pracjasontikul ပါ ၂၇ ဦး စုစုပေါင်း ၄၈ ဦးတို့အား ယနေ့ နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ ibis Style Hotel Mandalay Center ၌ တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ၊ စိတ်ဓာတ်ခွန်အားပေးခြင်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုများနှင့် လုပ်ငန်းစဉ်များအပေါ် လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပြီး မန္တလေးငလျင်ကြီးနှင့် ပတ်သက်၍ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့၍ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ဝ-ဝ-ဝ-ဝ















## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြန်လည်ကျင်းပ စစ်ဆေးမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့အောင်မြင်စွာ ဖြေဆိုနိုင်ရေး တွေ့ဆုံဆွေးနွေး





**မန္တလေး ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအတွင်း ပြန်လည်ကျင်းပ စစ်ဆေးမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့အောင်မြင်စွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့်ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူများအား ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မတ် ၂၈ ရက် မွန်းလွဲပိုင်း၌ လှုပ်ခတ်ခဲ့သည့် အင်အားအလွန်ပြင်း မန္တလေးငလျင်ကြီးကြောင့် ၂၀၂၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများကို စာစစ်လုပ်ငန်းများဆောင်ရွက်နေသည့် မန္တလေးတက္ကသိုလ်ပင်မ အဆောက်အအုံ ထိခိုက်ပြိုကျပျက်စီး မီးလောင်မှုဖြစ်ပွားခဲ့ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့မှ အဖြေလွှာများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သဖြင့် ယခင်စစ်ဆေးခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အားလုံးဖြေဆိုခဲ့သူများကိုသာ ပြန်လည်ဖြေဆိုခွင့်ပြုထားပါကြောင်း၊ လာမည့် ဇွန်လ ၁၆ ရက် မှ ၂၁ ရက်အထိ ပြန်လည်ကျင်းပ စစ်ဆေးမည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ပြန်လည်ဖြေဆိုခွင့်ပြုထားသည့် ကျောင်းသား၊ ကျောင်းသူများ ဘာသာရပ်အားလုံးကို အဆင်ပြေချောမွေ့အောင်မြင်စွာဖြင့် ပြီးဆုံးသည်အထိ ဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ၊ ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများ၏ အကြံပြုဆွေးနွေးချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

သတင်း စာမျက်နှာ-၁၂



## ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

**ပြင်ဦးလွင် ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက်များတာဝန်ပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂၅ ရက် နံနက် ၁၀ နာရီက ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဈေးဦးစွာ ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး ဦးမြင့်ဇော်ထွန်းက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အကောင်အထည်ဖော်မှု အခြေအနေ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့်ပတ်သက်၍ အသေးစိတ်တင်ပြ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌက စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ရာ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ခရိုင်သစ်တောဦးစီးဌာန၊ ခရိုင်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ခရိုင်လမ်းဦးစီးဌာန၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများက အသီးသီးလက်ခံရယူခဲ့ပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှမိမိတို့ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီးနောက် ခရိုင်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

## ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ရောင်းချနေမှုအား ဈေးကွက်စောင့်ကြည့်စစ်ဆေး

**မိတ္ထီလာ ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ပေါ်ရှိ ဆေးဆိုင်များရှိ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ရောင်းချနေမှုအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(အောက်ယာပုံ)**

စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးအနေဖြင့် စားသုံးသူ ပြည်သူများ ကုန်စည်နှင့် ဝန်ဆောင်မှုများ သုံးစွဲရာတွင် ထိခိုက်နစ်နာမှုမရှိစေရေး၊ လုံခြုံစိတ်ချရမှုမရှိသော ကုန်စည်များ လျော့နည်းပပျောက်သွားစေရေးတို့အတွက် နေရာစုံ၌ နည်းလမ်းပေါင်းစုံဖြင့် စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် စားသုံးသူ ပြည်သူတစ်ရပ်လုံးကို အသိပညာပေးလျက်ရှိရာ တစ်ဖက်မှလည်း ဈေးကွက်များအတွင်း ရောင်းချမှုမရှိစေရေး ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများကို အစဉ်တစိုက်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် မိတ္ထီလာမြို့နယ် တာဝန်ခံနှင့်အဖွဲ့သည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ခရိုင်အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ဆေးနှင့်ဆေးပစ္စည်းရောင်းချသော ဆေးဆိုင်များတွင် ကျန်းမာရေးအထောက်အကူပြု အသုံးအဆောင်ပစ္စည်းများဖြစ်သော သွေးပေါင်ချိန်စက်၊ ဆီးချို၊ သွေးချိုတိုင်းစက်၊ ဆီးစစ်ကိရိယာစသည့်ပစ္စည်းအမျိုးမျိုးနှင့် သက်ဆိုင်ရာဌာန ထောက်ခံချက်ပါဝင်သော ဆေးဝါးများ၊ စားသုံးသူကာကွယ်ရေး ဥပဒေပါကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းများနှင့် ကိုက်ညီသော ဆေးဝါးများသာ ရောင်းချစေရေးတို့အတွက် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး စစ်ဆေးမှုများတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသော ကျန်းမာရေးအထောက်အကူပြုအသုံးအဆောင်ပစ္စည်းအမျိုးမျိုးနှင့် ဆေးဝါးများကိုသာ ရောင်းချမှုရှိကြောင်း သိရသည်။

(၄၆၉)



ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။

# ပြန် လှည့် ကြည့် ဖြစ် တဲ့ သ က္က ရာဇ် များ (၁၁၅)

သွယ်အောင်

ကဗျာဆရာ အောင်ချိမ့်၊ ဇော်ဝေး၊ မောင်ချောနွယ်၊ သစ္စာနီတို့၏ ကဗျာရေးဟန်များကို တုပပြီး ကဗျာတစ်ပုဒ် ရေးဖွဲ့ဖြစ်သည်။ ရေးဖွဲ့ဖြစ်သော ကဗျာမှာ 'အေးခဲသွားသော စိတ်ကူးများ' ဖြစ်သည်။ (၁၅-၁၀-၁၉၉၄)ရက်နေ့တွင် ရေးဖွဲ့ဖြစ်ကာ ၁၉၉၇ ခုနှစ် မတ်လထုတ် ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းတွင် ပုံနှိပ်စာလုံးအဖြစ် အဖွင့်စာမျက်နှာမှာ ဖော်ပြပါရှိခဲ့၏။


**အေးခဲသွားသော စိတ်ကူးများ**

* အတောင်ပံစိတ်ကူးနဲ့
ဖူးပွင့်လိုက်တယ်
တစ်ဆုပ်တစ်ခဲကြီး
အပွင့်ရဲရဲ စိန်ပန်းများ
ငါ့နှလုံးသားကို ဖြတ်နင်းသွားကြပြီ ။

* ငါ့မှာ ...
မဂ္ဂဇင်းရယ်
သီချင်းတိပ်ခွေရယ်
ဗီဒီယိုပြစက်ရယ်
ပြီးတော့ ...
ချစ်သူရဲ့ အရောင်မှဲ့အနမ်းများသာ
ရှိနေခဲ့မယ်ဆိုရင်လေ ...
အိဖယ်မျှော်စင်ကို ရောက်ဖို့မလို
စိမ်းမြစ်ကို လွမ်းဖို့မလို
ဆန်ဖရန်စစ္စကို တံတားကို တမ်းတဖို့မလို
ဟိုနိုလူလူကို အိပ်မက် မက်ဖို့မလို
ဖူဂျီတောင်တန်းပြာကို ဦးခိုက်ဖို့မလို
... ... ဘာမှမလို ...
ဘယ်က ထွက်ပေါ်လာမှန်းမသိတဲ့
လက်ခုပ်သံတစ်ချက်ဟာ
ငါ့အရိပ်ကို ဖမ်းဆုပ်ကိုင်လိုက်တယ် ။

* အလို ...
နှင်းရည်ဆမ်းထားတဲ့
ကတ္တရာလမ်းမပေါ်မှာ
ကျောက်ချရလို့ပါလား ။ ။

သွယ်အောင်
(ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း)၊ ၁၉၉၇၊ မတ်လ




၁၉၉၄ အောက်တိုဘာလသည် ကျွန်တော့်အတွက် ကဗျာနှင့် ကာတွန်းတစ်ပြိုင်တည်း ဖန်တီးရသောကြောင့် ရင်ခုန်စိတ်လှုပ်ရှားဖို့ကောင်းသည်။ ဟံသာဝတီသတင်းစာမှာ ကာတွန်းရေးဆွဲခဲ့ဖူးသောကြောင့် သတင်းကာတွန်းရေးဆွဲရခြင်းကို ပို၍ အားသန်ပြီး ရတနာပုံသတင်းစာတွင် ကာတွန်းပုံ နှစ်ပုံ ဖော်ပြခြင်းခံရသောအခါ ကာတွန်းများ ပြန်ဆွဲဖို့ 'ကာတွန်းပိုး' ဝင်သွားသည်။

ထို့ကြောင့် ရတနာပုံသတင်းစာမှာ ကာတွန်းဆွဲရခြင်းကို အားမရသဖြင့် သတင်းကာတွန်းရေးဆွဲလို့ရမည့် မဂ္ဂဇင်းများကို ရှာကြည့်မိသည်။ ထိုစဉ်က မဂ္ဂဇင်းကာတွန်းများမှာ သတင်းကာတွန်းပုံ ဖော်ပြမှု နည်းပြီး ရိုးရိုးဟာသအဖြစ် ရယ်စရာကာတွန်းများကိုသာ ဖော်ပြလေ့ရှိကြသည်။

မဂ္ဂဇင်းများထဲမှ သတင်းကာတွန်းအတော်များများ သုံးသည့် မဂ္ဂဇင်းတစ်အုပ်ကို သတိထားမိသည်။ ယင်းမဂ္ဂဇင်းမှာ နိုင်ငံတကာအဖြစ်အပျက်များကို မဂ္ဂဇင်းမျက်နှာဖုံး (Cover)ကာဗာတင်ပြီး ထိုအကြောင်းအရာကို မဂ္ဂဇင်းထဲမှာ အကျယ်ဖော်ပြပေးသည့် 'ရန့်သစ်မဂ္ဂဇင်း' ဖြစ်လေသည်။

ရန့်သစ်မဂ္ဂဇင်းသည် ကဗျာဆရာ ချစ်ဝင်းမောင် စီစဉ်ပြီး တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ထုတ်ဝေသည့် မဂ္ဂဇင်းဖြစ်သဖြင့် ရန့်သစ်မဂ္ဂဇင်းသို့ ကာတွန်းဆွဲပို့ဖြစ်သော်လည်း ကျွန်တော့်မှာ အခက်အခဲတစ်ခုနှင့် ရင်ဆိုင်ကြုံတွေ့ရလေတော့သည်။ ယင်းမှာ အခြားမဟုတ် ရေးဆွဲသော ကာတွန်းပုံမှာ ဆိုဒ်ကြီး(စာရွက်လွတ်အဖြူအကြီး)ဖြင့် ပုံဆွဲရသောကြောင့် ကာတွန်းပုံကို စာအိတ်ထဲထည့်ဖို့ အတော်ဦးနှောက်ခြောက်ခဲ့ရခြင်း ဖြစ်သည်။

ကဗျာပို့စဉ်က အခက်အခဲမရှိ ကဗျာရေးပြီးသားစာရွက်ကို စာအိတ်ထဲ ဝင်ဆံ့အောင် စိတ်ကြိုက်ခေါက်၍ စာအိတ်ထဲထည့်ကာ စာတိုက်မှ ပေးပို့ခြင်းဖြစ်၍ အဆင်ပြေသည်။ ကာတွန်းပုံစာရွက်ကို ကဗျာစာရွက်ကဲ့သို့ ခေါက်ချိုး၍ မထည့်ချင်။ ယင်းသို့ ကာတွန်းစာရွက်ကို ခေါက်ပြီး စာအိတ်ထဲထည့်ကာ လှမ်းပို့လျှင် ရမှန်းတော့ သိသည်။

ကျွန်တော်က ခေါက်ချိုးရာကြီးနှင့် ကာတွန်းပုံကို မဂ္ဂဇင်းအယ်ဒီတာလက်ထဲမရောက်စေချင် ကာတွန်းပုံကို သန့်သန့်ပြန့်ပြန့်လေးရောက်စေချင်သည်။ ထိုအခက်အခဲကို ကျွန်တော်ကဗျာစာမူပို့နေကျ ကွမ်းခြံစာတိုက်မှ အသိမိတ်ဆွေက ဖြေရှင်းအကူအညီပေး၍ အဆင်ပြေခဲ့ရသည်။

ပို့နည်းမှာ အလွယ်လေးဖြစ်သည်။ ကာတွန်းပုံစာရွက်ကိုလိပ်ပြီး အပြင်မှ စာရွက်တစ်ရွက်ဖြင့် ထပ်လိပ်ပြီး ကော်ကပ်၊ တံဆိပ်ခေါင်းကပ်ပို့လျှင်ရသည်။ သို့သော် စာလိပ်ပေါ်တွင် တံဆိပ်ခေါင်းကပ်ထားသောနေရာအောက်ဘက်၌ (Book Post)ဟု ထင်ရှားစွာ ရေးပို့ရမည် ဖြစ်သည်။

(Book Post) နည်းဖြင့် ရန့်သစ်မဂ္ဂဇင်းကို ကာတွန်းပုံနှစ်ပုံပို့ဖြစ်သည်။ ကျွန်တော်ကာတွန်းပို့သည့်အချိန်မှာ ၁၉၉၄ အောက်တိုဘာလဖြစ်၍ နိုဝင်ဘာလထုတ်



မဂ္ဂဇင်းတို့မှာ စာဖောင်ပိတ်ပြီး ပုံနှိပ်စက်ပင် တင်နေကြပေပြီ။ တချို့မဂ္ဂဇင်းအချို့မှာ နိုဝင်ဘာလထုတ်အဖြစ် အောက်တိုဘာလကုန်ရက်အနီးတွင် စာအုပ်ဆိုင်များပေါ်သို့ ရောက်ရှိ ရောင်းချနေကြပေပြီ။

ကျွန်တော်ရေးဆွဲသော ကာတွန်း ရန့်သစ်မဂ္ဂဇင်း အယ်ဒီတာ သဘောကျနှစ်မြို့က်လျှင် ၁၉၉၄ ဒီဇင်ဘာလထုတ်တွင် ဖော်ပြပါရှိနိုင်သည်ကို ကျွန်တော်ကြိုတင်တွေးဆကာ ရင်ခုန်စိတ်လှုပ်ရှားနေမိသည်။

ဤသို့ ၁၉၉၄ အောက်တိုဘာလကုန်သွားပြီး နိုဝင်ဘာလသို့ မလွဲမသွေရောက်ရှိလာသည်။ နိုဝင်ဘာလတွင် ကျွန်တော့်စက်ပြင်ကျောင်းဆရာကိစ္စနှင့် ကျွန်တော်၏ ဇနီးလောင်းတက်ရောက်နေသော သူနာပြုသင်တန်းကျောင်းသို့ အချိန်မှန်သွားရောက်ခြင်းတို့ဖြင့် မအားလပ်ဖြစ်ကာ ကဗျာရေးဖွဲ့ခြင်း၊ ကာတွန်းရေးဆွဲခြင်းတို့ကို ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။

သို့သော် နိုဝင်ဘာလကုန်ခါနီးတွင် ထူးခြားသော မွေးနေ့ပွဲတစ်ခုရှိကာ ထိုမွေးနေ့ပွဲသို့ နှစ်စဉ်နီးပါးပုံမှန်ရောက်ဖြစ်ပြီး ရန်ကုန်မြို့မှ စာရေးဆရာ၊ ကဗျာဆရာ



များ၊ အယ်ဒီတာများနှင့် တွေ့ဆုံဖြစ်သည်။ ယင်းမွေးနေ့ပွဲမှာ အခြားသူ၏မွေးနေ့ပွဲမဟုတ် သတင်းစာဆရာ၊ စာရေးဆရာမကြီးဖြစ်သော လူထုဒေါ်အမာ၏မွေးနေ့ပွဲ ဖြစ်သည်။

ထိုမွေးနေ့ပွဲကို တက်ရောက်ဖို့ ကြိုတင်အားခဲထားသည်။ ၁၉၉၄ ခုနှစ် နိုဝင်ဘာ ၂၉ ရက်သည် ဆရာမကြီး လူထုဒေါ်အမာ၏ (၇၉)နှစ်ပြည့် မွေးနေ့ပွဲဖြစ်ပြီး ကျွန်တော်၏ဇနီးလောင်းကိုလည်း ခေါ်သွားဖို့ စိတ်ကူးထားသည်။

၁၉၉၄ နိုဝင်ဘာလတွင် ကျွန်တော်၏ကဗျာများ မည်သည့်မဂ္ဂဇင်းမှ ဖော်ပြမပါရှိခဲ့။ ထို့အတူရတနာပုံသတင်းစာတွင်လည်း ကာတွန်းများ မပါရှိခဲ့။ နိုဝင်ဘာလကုန်ရက်ရောက်ဖို့ ၅ ရက်လောက်အလိုတွင် မြန်မာ့မီးရထား အလုပ်သမားစာကြည့်သင်းမှ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် 'အမြင်သစ်' နံရံကပ်စာစောင်ပြုလုပ်မည်ဖြစ်သောကြောင့် သူငယ်ချင်း ခင်မောင်တင့်ကို အသိမပေးဘဲ 'စွာစော်ကဲ' ကလောင်ဖြင့် ကာတွန်းရေးဆွဲပို့ဖြစ်လေသည်။

ကျွန်တော် ကံကောင်းသည်ဟု ဆိုရပေမည်။ နိုဝင်ဘာ ၂၅ ရက်တွင် ရန့်သစ်မဂ္ဂဇင်းထွက်ရှိသောကြောင့် ထွန်းဦးစာပေသို့သွား၍ ရန့်သစ်မဂ္ဂဇင်းမာတိကာကို လှန်ကြည့်ရာ 'ကာတွန်းဆရာများ' ဆိုသည့် ခေါင်းစဉ်အောက်တွင် မြေဇာ၊ မောင်မောင်၊ အော်ပီကျယ်၊ ရိုကွင်တင်၊ စိုးသော်တာ၊ ကိုချစ်၊ ကျော်စိုးထွန်း၊ စွာစော်ကဲဆိုပြီး ကျွန်တော့်ကလောင်အမည်ကို တွေ့ရှိလိုက်ရသည်။

စာမျက်နှာ ၁၁ တွင် ကျွန်တော်၏ကာတွန်းပုံကို တွေ့ရ၍ ဝမ်းသာပျော်ရွှင်ရသည်မှာ အတိုင်းထက်အလွန်ပင်။ ကာတွန်းပုံမှာ အယ်ဒီတာ၊ သတင်းစာဆရာက ကလောင်ကြီးကိုင်ပြီး **'မင်းလားကွ၊ ငါ့အကြောင်းဝေဖန်ရေးလုပ်တာ၊ ငါ့မဂ္ဂဇင်းကနေ ပြန်တီးလိုက်ဦးမယ်'** ဟု ဝေဖန်ရေးဆရာကို လက်ညှိုးထိုးလှမ်းပြောနေပုံဖြစ်သည်။ ဝေဖန်ရေးဆရာကလည်း **'ကိုယ်ပိုင်မဂ္ဂဇင်းရှိမှန်း မသိလို့ လုပ်မိတာပါ ကြောက်ပါပြီဗျို့'** ဟု အော်ပြီး ထွက်ပြေးသွားသောပုံ ဖြစ်သည်။



# ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ်(၃/၂၀၂၅) ဖွင့်လှစ်

**ကန့်ဘလူ ဧပြီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်လမ်းညွှန်မှုဖြင့် ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ်(၃/၂၀၂၅)ဖွင့်ပွဲကို ဧပြီ ၂၄ရက် မွန်းလွဲပိုင်းက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။



ရှေးဦးစွာ ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆန်းလင်းအောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က ယခုအခါ ကွန်ပျူတာပညာရပ်များမှာ လူတိုင်းတတ်မြောက်ထားသင့်သည့် ဘာသာရပ်ဖြစ်သလို လုပ်ငန်းခွင်ဝင်ရောက်ရန်ပြင်ဆင်နေသူများ၊ ဝန်ထမ်းများအတွက်လည်း အခြေခံမှစ၍ တတ်မြောက်ထားရမှာဖြစ်ကြောင်းနှင့် သင်တန်းစည်းကမ်းချက်များကို ဆက်လက်ရှင်းလင်းပြောကြားသည်။

ကွန်ပျူတာအခြေခံသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၁၀ဦးအား ကွန်ပျူတာ အခြေခံပညာရပ်များကို သင်တန်းကာလ တစ်လကြာ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါ ကွန်ပျူတာအခြေခံသင်တန်းကို လစဉ် စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၀)

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်

**ညောင်ရွှေ ဧပြီ ၂၆**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အင်းလေးဒေသကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းနှင့် လူနေအိမ်များ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းတွင် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးငလျင်ကြီးဒဏ်ကြောင့် ပြိုကျပျက်စီးသွားသည့် ကျေးရွာများအတွင်းရှိ လူနေအိမ်များနှင့် အဆောက်အအုံများကို စနစ်တကျဖျက်သိမ်းခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ယိုင်လဲသွားသည့် နေအိမ်များတည့်မတ်ခြင်း၊ ယာယီမိုးကာတဲများဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် ဝါးအိမ်ငယ်များ အသစ်ဆောက်လုပ်ပေးခြင်းတို့ကို ပတ်ဝန်းကျင်ကျေးရွာများမှ ကျွမ်းကျင်လက်သမားများနှင့် လုပ်အားဒါနရှင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပရဟိတအဖွဲ့များ ပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကေလာကျေးရွာအုပ်စုအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပြိုလဲခဲ့သည့် အိမ်ခြေပေါင်း ၈၇၇ အိမ်ရှိသည့်အနက် အပျက်အစီးများရှင်းလင်းဖယ်ရှားမှု ၁၄၈ အိမ်၊ ယိုင်နဲ့တိမ်းစောင်းခြင်းအား ပြန်လည်တည့်မတ်မှု ၄၂အိမ်၊ အသစ်ပြန်လည်ဆောက်လုပ်ပြီးစီးမှု တစ်အိမ်ရှိကြောင်း၊ ကျန်ရှိနေသေးသည့် ၆၄၄ အိမ်အားအမြန်ဆုံး ပြန်လည်တည့်မတ် ပြုပြင်အသစ်ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့ပေးအပ်ခြင်းနှင့် ကြဲပက်ခြင်း ကွင်းသရုပ်ပြ

**ကျွန်းလှ ဧပြီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးမည့် လယ်မြေများ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့စေရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့ပေးအပ်ခြင်းနှင့် ကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို ဧပြီ ၂၅ ရက် နံနက် ၇ နာရီက မန်ကျည်းအင်းကျေးရွာ တောင်သူဦးသန်းထွန်းဦး၏ ကွင်းအမှတ် (၂၉၂) လယ်မြေ ငါးဧကတွင် ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးတာဝန်ခံ ဒေါ်တူးတူးမာက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီနှင့် တာဝန်ရှိသူများက သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့များပေးအပ်ပြီး လယ်မြေများအတွင်း လက်တွေ့ကြဲပက်ခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (၄၈၀)




ဖတ်စရာ၊ မှတ်စရာ စုံလင် မြန်မာ့အလင်း

## သောကဘဝင် အလှဆင်

\- - - - - - - - - - -

* မန်းမန္တလာ၊ သာစဉ်ခါက
မြို့ရွာငြိမ်းချမ်း၊ ဘေးမသမ်းဘဲ
ခမ်းခမ်းနားနား၊ ဝင့်ထည်ကြွားကာ
မျိုးသားအမွေ၊ ထိန်းသိမ်းနေ၍
မြန်ပြည်(ပြေ)အဆင့်၊ အသွင်တင့်၏။

* သို့စေဆိုငြား၊ မြတ်တရားက
ဖြစ်ကားမမြဲ၊ အနိစ္စပဲဟု
ဖောက်လွဲတတ်စွာ၊ ဓမ္မတာမို့
ဘယာငလျင်၊ လူပ်ယမ်းစဉ်တွင်
သွင်ပြင်အလှ၊ ပျက်သုဉ်းရ၏။

* မညှာ မသနား၊ ပြုရက်ငြားသည့်
စွမ်းအားသခင်၊ မြေငလျင်ကြောင့်
မြေပြင်ဂေဟာ၊ ပျက်စီးကာဖြင့်
သက်မှာမြောက်များ၊ ကြွေလွင့်သွားရ
စိတ်များသည်းအူ၊ ဗလောင်ဆူ၏။

* ရန်သူငလျင်၊ နိုပ်စက်အင်ကြောင့်
ရွှေရင်ဗျာပါ၊ သောကဖြာ၍
ပူဆာနေကြ၊ လူများစွကို
ပရကောင်းကျိုး၊ လှူဒါန်းမျိုးဖြင့်
ကိုယ်ကျိုးစွန့်ကာ၊ စောင့်ရှောက်ပါစို့။ ။

ပန်းသစ္စာ(ပုသိမ်ကြီး)

# ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင် ပြသ

**ကျောက်တလုံးကြီး ဧပြီ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့၌ ကျောင်းသားလူငယ်များနှင့် ပြည်သူများ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အကြောင်းအရာများကို ပိုမိုသိရှိနိုင်စေရန် ရည်ရွယ်၍ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များပြပွဲကို ဧပြီ ၂၄ရက် နံနက် ၉ နာရီခွဲက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ပြသခဲ့သည်။

အဆိုပါ အသိပညာပေး နံရံကပ်စာစောင်များကို နွေရာသီကျောင်းပိတ်ရက်အတွင်း ပြည်သူ့စာကြည့်တိုက်သို့ လာရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုကြပြီး နံရံကပ်စာစောင်များတွင် ကလေးအလုပ်သမားဆိုင်ရာပြဋ္ဌာန်းချက်၊ ကလေးအလုပ်သမားဟု သတ်မှတ်နိုင်သည့် အသက်အရွယ်၊ ကလေးသူငယ်အခွင့်အရေးများ စသည်တို့ကို ထည့်သွင်းပြသထားကြောင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အထိမ်းအမှတ်နေ့များ၊ အသိပညာပေး အကြောင်းအရာများကို ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများပိုမိုသိရှိစေရေးအတွက် အသိပညာပေးလုပ်ငန်းများဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*-*





## သီရိမင်္ဂလာငြိမ်းအေးစေတီတော် ထီးတော်တင်လှူပူဇော်ပွဲ ကျင်းပ

**မိုင်းယောင်း မေ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်း မြို့နယ် ဝမ်ဘိုးကျေးရွာအုပ်စု၊ ဝမ်ပုံကျေးရွာ၌ သီရိမင်္ဂလာငြိမ်းအေး စေတီတော်ထီးတော်တင် လှူပူဇော်ပွဲကို မေ ၂၅ ရက် နံနက် ၉နာရီက အဆိုပါစေတီတော် ရင်ပြင်၌ စည်ကားစွာကျင်းပသည်။

ထီးတော်တင်ပွဲတွင် ဧည့်ပရိသတ်များက မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဟိုခုံဆရာတော်ထံမှ သီလခံယူပြီး အလှူရှင်မိသားစုက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ဆရာတော်များထံ ဆက်ကပ်လှူဒါန်းကာ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည် ပူဇော်ခဲ့ပြီးနောက် ရွှေထီးတော်ဘုံ အဆင့်ဆင့်ကို မင်္ဂလာရထားပျံဖြင့် စေတီတော်ပေါ်သို့ တင်လှူပူဇော်ခဲ့သည်။

ထို့နောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းပြီး စေတီတော်ကြီးအား အနေကဇာတင်ပူဇော်ခဲ့ကြသည်။ အဆိုပါ ရွှေထီးတော်တင်လှူပူဇော်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် မိုင်းယောင်းမြို့နယ်ရှိ စေတနာရှင်၊ အလှူရှင်များ၊ ရပ်ဝေးဒေသမှ အလှူရှင်များလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ရာဇီ(ပြန်/ဆက်)

## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်

**မန္တလေး မေ ၂၆**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တကေသဝ(မဓ္ဈာစရိယ BA)ဟောကြားချီးမြှင့်သော ရေစက်ချအနုမောဒနာတရားတော်များကို နာယူကြည်ညိုကြပြီး မန္တလေးနန်းရှေ့ဒေါနဘွားရပ်နေ ဦးသန့်စင်စင်ထွန်း+ဒေါ်ခင်စန်းဝင်း၊ သား မောင်ကောင်းထွဋ်ရှာန်ဟိန်း(ပြည်စိုးကျော်တိုင်းရင်းဆေး)မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၇သိန်း၊ ဖြည့်စွက်လှူဒါန်း ငွေကျပ်သုံးသိန်း စုစုပေါင်းငွေကျပ် သိန်း ၂၀ကို လှူဒါန်းရာ ဥပဋ္ဌာယကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူသည်။

အဆိုပါ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များနှင့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(PNT)




## ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနား

**မကွေး မေ ၂၆**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ၂၀၂၅-၂၀၂၆ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြို့နယ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီအတွင်းရေးမှူး မြို့နယ်စီမံကိန်းဦးစီးမှူး ဦးရွှေငြိမ်းက စီမံကိန်းတာဝန်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် စီမံကိန်းရည်မှန်းချက်တာဝန်များဖြစ်သော ဒေသန္တရ ရည်မှန်းချက် တာဝန်များအား မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းဦးက လယ်ယာကဏ္ဍကြီးကိုယ်စား စိုက်ပျိုးရေးဦးစီးဌာနမြို့နယ် ဦးစီးမှူးအားလည်းကောင်း၊ စက်မှုကဏ္ဍကြီးကိုယ်စား မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာအားလည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီးကိုယ်စားခရိုင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာအားလည်းကောင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်း ရည်မှန်းချက်တာဝန်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မောင်ခိုင်မင်း(ပြန်/ဆက်)



## ကြက်ခြေနီအသင်း မော်တော်ယာဉ်အတွက် ကားတာယာနှင့် သံခွေ လှူဒါန်း

**မိုးညှင်း မေ ၂၆**

မိုးညှင်းမြို့နယ် ကြက်ခြေနီအသင်းတွင် အသုံးပြုလျက်ရှိသော မော်တော်ယာဉ်အတွက်ငွေကျပ် ၃၅၀၀၀၀ တန်ဖိုးရှိသော မော်တော်ကားတာယာနှင့်သံခွေပေးအပ်လှူဒါန်းပွဲကို မေ ၂၃ရက် နံနက်ပိုင်းက အလှူရှင်နေအိမ်တွင် ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်မန္တလေးမြို့နေမိခင်ကြီး ဒေါ်အမာ(နေဇွန်ဝမ်းစတားတာယာရောင်းဝယ်ရေး) အားအမှူးထား၍ ဦးမောင်ထွေး+ ဒေါ်ခင်သီတာထွေးမိသားစုက မိုးညှင်းမြို့နယ် ကြက်ခြေနီအသင်း မော်တော်ယာဉ်အတွက် ငွေကျပ် ၃၅၀၀၀၀တန်ဖိုးရှိ မော်တော်ကား တာယာနှင့် သံခွေတို့ကို ပေးအပ်လှူဒါန်းရာ မိုးညှင်းခရိုင် ကြက်ခြေနီအသင်းမှ ဦးအောင်ရဲကျော်က လက်ခံရယူပြီး ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားကာ အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

(ဝဲပုံ)

(၀၅၃)



## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးပြီးဆေးကုသမှုများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ မေ ၂၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ကျန်းမာရေးဦးစီးဌာနကကြီးမှူး၍ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ ပင်စင်လာရောက်ထုတ်ယူသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို မေ ၂၅ ရက် နံနက် ၉ နာရီခွဲက မြန်မာ့စီးပွားရေးဘဏ်ရုံးအတွင်း၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား မြို့နယ်ကုသရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန်ဒေါက်တာထူးမြတ်ကျော်ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန်တိုင်းပေးခြင်း၊ သွေးချိုဆီးချိုရောဂါစစ်ဆေးကုသပေးခဲ့ပြီး သက်ဆိုင်ရာရောဂါများအလိုက် သောက်ဆေးများကို အခမဲ့ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျှက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)



# ဘဝအသိ စာမှာရှိ အလင်းတံခါးဖွင့်ကြသည်

ဓမ္မရေးဟောင်းကျမ်းတွင် မိုးဇက်သည် ဆင်နိုင်တောင်ထိပ်မှ ကျောက်ပြား နှစ်ပြားထက်၌ ပညတ်တော် ၁၀ ပါးကို ကျောက်ထက်အက္ခရာတင်သည်ဟု ပါရှိသည်။ ကျောက်ခေတ်လူသားများသည်ကား စာရေးတတ်ကြမည် မဟုတ်ချေ။ စကားလုံးဝေါဟာရများပင် မသုံးကြသေး။ သို့သော် လူပီသစွာရှိသမျှ အသိဉာဏ်ဖြင့် ကျောက်ဂူနံရံတွင် အမှတ်အသားများကို ရေးခြစ်ခဲ့ကြ၏။ 'လူ' ဟုဆိုလျှင် အချောင်းကလေးများ၊ 'နေ' ဟုပြောလိုလျှင် အဝိုင်းပုံများဆွဲကာ သညာပြု ရေးမှတ်ကြပါလိမ့်မည်။ ထိုမှတစ်ဆင့်စီတိုးတက်တီထွင်ခဲ့ကြပါသည်။ ဤသို့ဖြင့် တဖြည်းဖြည်းဝေါဟာရ စကားလုံးပြည့်လာပြီးလျှင် 'စာပေ' ဟူ၍ ဖြစ်လာသည်။ ဖြစ်လာနိုင်သည်ဟု လေ့လာသိရှိရပေသည်။

စာပေရှိလာသောအခါ ရေးစရာ၊ အက္ခရာတင်စရာလိုလာသည်။ ဂူနံရံ၊ ကျူရွက်သားရေ၊ အုတ်ချပ်၊ ပေရွက်၊ စက္ကူအဆင့်ဆင့် တိုးတက်ခဲ့သည်။ အခက်အခဲအကျပ်အတည်းရှိလေလေ လူသည် အကြံဉာဏ်အသုံးပြုလေလေ လူသားများ၏ ဘဝတွေအတွက် လူသုံးကုန်ပစ္စည်းမျိုးစုံ ထွက်ပေါ်လာခဲ့ပါသည်။

အေဒီ ၂၀၀ တွင် တရုတ်ပြည်က စက္ကူကို ကနဦးတီထွင်သည်။ ဥရောပသားများထံ ပျံ့နှံ့ရောက်ရှိသောအခါ ဂျာမန်လူမျိုး 'ဂူတင်ဘတ်' သည် ပုံနှိပ်စာလုံးဖြင့်စတင်ပြီး စာပေပြန့်ပွားမှု ကျယ်ပြန့်လာ၏။ လူသားအချင်းချင်း ပေါင်းသင်းဆက်ဆံရေး ကျယ်ပြန့်လာလေလေ စာပေဖွံ့ဖြိုးတိုးတက်မှု အရှိန်မြင့်မားလေလေ ဖြစ်လာခဲ့သည်။ စာပေကြောင့် လူတို့၏ ယဉ်ကျေးမှု၊ ပေါင်းသင်းဆက်ဆံရေး၊ ပညာရေး၊ လူသုံးကုန်ပစ္စည်းများ စသည့် အစစအရာရာ ပိုမိုတိုးတက်မြန်ဆန်လာခဲ့သည်။ စာပေဘာသန္တရ၏ နယ်ပယ်သမုဒ္ဒရာနယ် ကျယ်ပြန့်နက်ရှိုင်းလာခဲ့သည်။ စာအုပ်တွေ ပလူပျံသော ယခုခေတ်သည်လည်း အံ့ချီးမကုန်ရှိလှသည်။ စာပေတိုးတက်မှုကြောင့် အသိဉာဏ်ပညာပွားဖို့ လွယ်ကူမြန်ဆန်လာပါသည်။ စာအုပ်များအတွင်း၌ ခေတ်အဆက်ဆက် အတွေ့အကြုံများ၊ လူအမျိုးမျိုးတို့၏ ထင်မြင်ချက်များ၊ အတတ်ပညာများ၊ ဆုံးမဩဝါဒများ ပါရှိသဖြင့် သုံး၍မကုန်သော စာပေရွှေဘဏ္ဍာအိုး ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပုဂံပြည်အနော်ရထာမင်းလက်ထက်(၁၀၄၄-၁၀၇၇ AD)၌ ပိဋကတ်တိုက်(ခေါ်)စာကြည့်တိုက် ရှိခဲ့သည်။ ကျစ္စာမင်း(၁၂၃၄-၁၂၅၀AD)လက်ထက် တူရွင်းတောင်ခြေ မြကန်အနီးမှာ ကျောက်ဖြင့်ပြီးသော အဆောက်အအုံ ရှိပါသည်။ စက္ကူတိုက်ဟု ခေါ်ဆိုကြသည်။ ပိဋကတ်သုံးပုံ၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ အဋ္ဌကထာ၊ ဋီကာ စသည့် ဘာသာရေးဆိုင်ရာစာအုပ်(ပေ၊ ပုရပိုက်)များရှိခဲ့မည်ဟု ဆိုပြောကြပါသည်။ ဟံသာဝတီ ဆင်ဖြူရှင်မင်း၊ ဘိုးတော်မင်းတို့သည်လည်း ပိဋကတ်တိုက်များ ဆောက်တည်၍ စာပေကျမ်းဂန်များကို လေ့လာဆည်းပူးဖြန့်ဝေကြသူများ ဖြစ်ပါသည်။ မန္တလေးမြို့ မင်းတုန်းမင်းလက်ထက် (၁၈၅၃-၁၈၇၈)၌ ပုံနှိပ်စက်နှင့် သတင်းစာများ ပေါ်ပေါက်လာခြင်းသည် ပိဋကတ်တိုက်(စာကြည့်တိုက်)သမိုင်းကို ပို၍ ကျယ်ပြန့်စွာ ပြောင်းလဲခဲ့၏။

မင်းတုန်းမင်း၊ ညောင်ရမ်းမင်းသား၊ သီပေါမင်း၊ ကင်းဝန်မင်းကြီး၊ ပုဂံဝန်ထောက်မင်းဦးတင်နှင့် ဘားနဒ်အခလွတ်ပိဋကတ်တိုက်များသည် မြန်မာနိုင်ငံ၏ ခေတ်သစ်စာကြည့်တိုက်သမိုင်းဦး ဖြစ်ပါသည်။

စာကြည့်တိုက်ဟူသည် စာအုပ်စာပေများ ကြည့်ရှုမှတ်သားစေရန် အစုအဝေးရှိသည့် နေရာဖြစ်သည်။ စာကြည့်တိုက်ဟူသည် ဉာဏအလုပ်ရုံ၊ လောက၏ ပြတင်းပေါက်၊ အလင်းတံခါး၊ လူထုတက္ကသိုလ်၊ အသံတိတ်တက္ကသိုလ်၊ နိုင်ငံ၏ ဦးနှောက်ဖြစ်သည်။ ဤသို့ဖြင့် ယနေ့ခေတ်သစ်စာကြည့်တိုက်ကြီးများ ထွက်ပေါ်လာခဲ့ပါသည်။ ထို့ပြင် နိုင်ငံတော်မှ စာဖတ်ရှိန်မြင့်မားရေးနှင့် စာကြည့်တိုက်များ ရှင်သန်ရေးကို အထူးအားပေးလျက်ရှိနေပါသည်။



စာပေသည် ဘဝအလင်းရောင်၊ လူ့ဘဝ၏ မီးရှူးတန်ဆောင်ဟု ခေါ်ဆိုနိုင်ပါသည်။ လောက၌ ကြီးပွားတိုးတက်လိုသူတိုင်းသည် စာအုပ်စာပေများနှင့် ကင်းကွာ၍ မရပေ။ စာအုပ်များထဲမှ အသိပညာ၊ အထွေထွေဗဟုသုတများ ရရှိသည်။ စာဖတ်ခြင်းသည် ပျော်ရွှင်မှု၊ တန်ဆာဆင်မှုနှင့် အရည်အသွေးတိုးတက်မှုအတွက် လူ့ဘဝကို အကျိုးပြုနိုင်ပါသည်။

မြန်မာ့သမိုင်းတွင် စာဖတ်ခြင်း၊ မှတ်သားလေ့လာခြင်းဖြင့် ဘဝအသိအမြင်ကျယ်ပြန့်ကာ အကျိုးကျေးဇူးများခဲ့သူတစ်ဦးမှာ အမတ်ကြီး ဘိုးရာဇာဖြစ်သည်။ ငယ်စဉ်ဘဝသည် ဆင်းရဲသော လယ်ယာလုပ်ငန်းဆောင်ရွက်ရသော်လည်း အလုပ်လုပ်ရင်း စာတိုပေစများကို စုဆောင်း၍ စာဖတ်သူမှတ်သားသူဖြစ်၏။ ထို့ကြောင့် အများက သူ့ကို စာတိုငညိုဟု ခေါ်ကြသည်။

တစ်နေ့တွင် မိတ္ထီလာကန်ပေါင်ရိုးမှ နတ်ကွန်းအကြောင်းကို ဘုရင်ကမေးရာ ဖြေဆိုနိုင်သူမရှိကြပေ။ စာတိုငညိုသည်သာလျှင် စာပေအထောက်အထား ခိုင်လုံစွာဖြင့် ဖြေဆိုနိုင်ခဲ့သည်။ ဘုရင်က နှစ်သက်သဘောကျသဖြင့် ဝန်ဇင်းကို အပိုင်စားပေးသနား၏။ ချီးမြှောက်၏။ ထို့ကြောင့် ဝန်ဇင်းမင်းရာဇာဟူသော ပညာရှိအမတ်ကြီးဖြစ်လာခဲ့ပါသည်။

'စာပေသည် ဘဝအတွက် အကောင်းဆုံးလက်နက်' ဟု ဘဝအသိဖြင့် အဆိုအမိန့်ပြုထားခဲ့သူတစ်ဦးမှာ ပခုက္ကူဦးအုန်းဖေ ဖြစ်ပါသည်။ ပခုက္ကူသားများ ဂုဏ်ယူဝင့်ကြွားဖွယ် 'စာကြည့်တိုက်ကြီး၏ အလှူရှင် ဖြစ်ပါသည်။ လူ့ဘဝ၏ မကောင်းသောလုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်ခဲ့သော်လည်း စာပေဖတ်ရှု၍ ဘဝအသိပြောင်းလဲတိုးတက်ပြင်ဆင်ခဲ့သူ လူကောင်း၊ လူတော်ဖြစ်ပါသည်။ 'ပခုက္ကူစာပေဆု' ကို နိုင်ငံအနာဂတ်ခေါင်းဆောင်လောင်း ပညာတတ်သူ လူငယ်များအတွက် ပညာရေး၊ စီးပွားရေး၊ သမိုင်း၊ ကျန်းမာရေး၊ နိုင်ငံရေး၊ အထွေထွေသောပညာဗဟုသုတများ ရရှိစေရန် မိမိပိုင်ဆိုင်သော ဥစ္စာဓနကြွယ်ဝမှုများကို ကိုယ်ကျိုးမသုံး နိုင်ငံနှင့်လူမျိုးအတွက် ပေးဆပ်ခဲ့သူဖြစ်ပါသည်။

ပခုက္ကူဦးအုန်းဖေ စာကြည့်တိုက်ကြီးကဲ့သို့ နိုင်ငံတကာတွင် စာကြည့်တိုက်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ပြည်သူများအတွက် ဝန်ဆောင်မှုပေးလျက်ရှိသည်။ ဇင်ဘာဘွေနိုင်ငံတွင် ကျေးလက်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကို စာဖတ်ခြင်းကို ဓာတ်လမ်း၊ သီချင်း စသည့် အနုပညာရပ်များနှင့် ယှဉ်တွဲဆောင်ရွက်လျက်ရှိသည်။ ဘော့စကာနိုင်ငံ စာကြည့်တိုက်များတွင် စာပေထိန်းသိမ်းရေးဆွေးနွေးပွဲများ၊ ယဉ်ကျေးမှုမြှင့်တင်ရေးရာ ဆွေးနွေးမှုများ ပြုလုပ်ကြသည်။ ပီရူးနိုင်ငံစာကြည့်တိုက်အချို့သည် တင်ဒင်းတိုင်းရင်းသားစာပေများကို စုဆောင်းကြ၏။ စင်ကာပူနိုင်ငံတွင် အာရှစာကြည့်တိုက်အဖွဲ့အစည်းက တရုတ်၊ မလေးရှား၊ တမီးလ်ဘာသာစာပေကို သင်ကြားပေးသည်။ ကျူးဗားနိုင်ငံစာကြည့်တိုက်များသည် ကဗျာစာပေရွတ်ဆိုကြ၏။ အိန္ဒိယနိုင်ငံတွင် ကျေးလက်စာကြည့်တိုက်များသည် ရိုးရာဗဟုသုတများကို မှတ်တမ်းတင်ထိန်းသိမ်းကြ၏။ သို့ဖြစ်ရာ စာကြည့်တိုက်ဆိုသည်မှာ ပြည်သူလူထုအတွက် ဗဟုသုတ၊ အတွေးအခေါ်၊ အသိပညာရရှိမှု ကျယ်ပြန့်စွာပေးခြင်းဖြင့် လူ့အဖွဲ့အစည်းတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိချေသည်။

'ဘဝအသိ' စာကြည့်တိုက်ဆောက်လုပ်ခြင်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို ၂၀၂၄ ခု၊ ဒီဇင်ဘာ ၆ ရက် နံနက် ၈ နာရီတွင် ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ကျေးရွာအုပ်စု၊ မိုင်ကုန်းကျေးရွာ ရွာလယ်ဓမ္မာရုံအနီး၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇင်မင်းထွန်းနှင့် အမှူးပြု၍ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

'ဘဝအသိ' စာကြည့်တိုက်အဆောက်အအုံကို အလျား ပေ ၃၀၊ အနံ ပေ ၂၀၊ အမြင့် ၁၂ပေ နံကပ်တစ်ထပ် ဆောက်လုပ်ပါသည်။ စာကြည့်တိုက်အဆောက်အအုံ(Building)အလှူရှင်မှာ မန္တလေးမြို့မှ စာရေးဆရာမကြီး အေးအေးခိုင်(ပညာရေး)ဖြစ်ပြီး မ,တည်ငွေကျပ်သိန်း ၁၅၀ ဖြစ်ပါသည်။ စာအုပ်များ (Books)နှင့် ပရိဘောဂများကိုလည်း ဆရာမကြီးမှ လှူဒါန်းပါသည်။

စာပေဒါနကုသိုလ်အဖြစ် ဒေါ်ညွန့်ညွန့်၊ ပြန်/ဆက်ဦးစီးမှူး(ငြိမ်း)က ငွေကျပ်နှစ်သိန်း လှူဒါန်းသကဲ့သို့ အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိသားစုနှင့် သီးခြားအလှူရှင်များမှ လှူဒါန်းငွေ (Budget)များ ပေးလှူကြလျက်ရှိပါသည်။

ဘဝအသိစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌမှာ ရန်ကင်းတောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ရန်ကင်းတောင်တော်ဂေါပကအတွင်းရေးမှူး၊ မြို့နယ်စာရေးဆရာအသင်း အလုပ်အမှုဆောင်ဘဏ္ဍာရေးမှူး၊ ရန်ကင်းမီးသတ်တပ်ဖွဲ့တပ်ခွဲမှူး ဦးရန်ရှင်း စာရေးဆရာမောင်ရန်ရှင်း (ရန်ကင်းတောင်)ဖြစ်သည်။ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော လူမှုဆက်ဆံရေးနယ် ကျယ်ပြန့်သူ(BRAIN)ဖြစ်ပါသည်။ 'သမိုင်းဂုဏ်ရောင် ဝင်းပြောင်ထိန်ညီး မြို့ပုသိမ်ကြီး' စာအုပ်နှင့် အခြားစာအုပ်များ ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။ စာအုပ်စာပေ အငှားဆိုင်လုပ်ငန်းဆောင်ရွက်ပြီး စာအုပ်စာပေ ဖတ်ရှုလေ့လာ ဘဝအသိပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ 'ဘဝအသိ' စာကြည့်တိုက် အောင်မြင်စွာ တည်ဆောက်ကာ စာပေအလင်းတံခါးကို ကျယ်ပြန့်စွာ ဖွင့်လှစ်နိုင်မည်ဖြစ်ပါသည်။

'ဘဝစာကြည့်တိုက်' ရှိရာ မိုင်ကုန်းရွာသို့ မန္တလေးနန်းမြို့တော် ဦးထိပ်တံတားမှ အရှေ့တည့်တည့် အမှတ်(၁၉)လမ်းမကြီးအတိုင်း လာပါလျှင် ပုသိမ်ကြီးမြို့အဝင်တွင် လမ်းမကြီးတောင်ဘက်၌ မြင်တွေ့ရပါသည်။ ပုဏ္ဏားကုန်း၊ မြို့သာကုန်း၊ ကြည်ကုန်းရွာများနှင့် ဆက်စပ်နေသဖြင့် ကျေးရွာရပ်ကွက်လူငယ်များအတွက် စာပေအသိပညာများ ဖြန့်ဝေပေးနိုင်ပါမည်။ (BORROWER)၊ ၁၉လမ်းမကြီးဘေးရှိ ဆေးဘက်သင်တက္ကသိုလ် ရန်ကင်းတောင်ခြေမှ မန္တလေးသမဝါယမကောလိပ်၊ စိုက်ပျိုးရေးသိပ္ပံ၊ မန္တလေးနည်းပညာတက္ကသိုလ်များနှင့် လက်လှမ်းတမီရှိသဖြင့်လည်း ကျောင်းသားလူငယ်လူရွယ်များသို့ သက်ဆိုင်ရာစာပေများ အထောက်ကူပြုနိုင်ပါသေး၏။ ထို့မျှမက ဉယျာဉ်ပရိယတ္တိစာသင်တိုက်ကြီး၊ လေးကျွန်းမာန်အောင်ပရိယတ္တိစာသင်တိုက်၊ ချမ်းမြရံသီ သီလရှင်စာသင်တိုက်တို့မှ သာသနာ့နွယ်ဝင်သူတော်စင်များသို့လည်း ဆောင်ရွက်နိုင်စွမ်းရှိကာ စာအုပ်များပေး၍ ငှားရမ်းနိုင်ပါသေးသည်။ ထို့ကြောင့် 'ဘဝအသိစာကြည့်တိုက်' သည် စာကြည့်တိုက်သတ်မှတ်စံ ငါးမျိုး (FIVE B) နှင့် ညီညွတ်လျက်ရှိနေကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ နိုင်ငံတော်နှင့် စာပေလောကအတွက် ထည်ထည်ဝါဝါ အလင်းတံခါးဖွင့်ပါပြီ။

လူတော်တစ်ယောက်ဖြစ်ရန် အရည်အချင်းများစွာရှိပါသော်လည်း အဓိကကျသည်မှာ စာပေကို ကျွမ်းကျင်စွာ တတ်မြောက်ခြင်းဖြစ်ပါသည်။ စာပေမှ လူ့ဘဝ၏ အဖိုးတန်ဆုံးသောအရာ အသိပညာကို ရရှိနိုင်ပါသည်။ ထို့ကြောင့် 'လူတိုင်း စာဖတ်သင့်သည်' ဟု လေးစားစွာ ရေးသားတင်ပြအပ်ပါသည်။

**နွေးထွေး(ပုသိမ်ကြီး)**



## မဟာမုနိဘုရားကြီးစောင်းတန်းများရှိ နံရံပန်းချီများပျက်စီးမှု စနစ်တကျ ကောက်ယူမှတ်တမ်းတင် ပြုစု

**မန္တလေး ဧပြီ ၂၆**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသည် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဦးသျှောင်ရပ်ကွက်ရှိ မဟာမုနိဘုရားကြီးအနောက်ဘက်စောင်းတန်းနှင့်တောင်ဘက်စောင်းတန်းများရှိ နံရံဆေးရေးပန်းချီများ အင်အားကြီး ငလျင်ဒဏ်ခံစားရ၍ ကြွေကျပျက်စီးမှုများအား နေပြည်တော်ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ပေးမှုအရ ကျွမ်းကျင်ပညာရှင် အရာထမ်းတစ်ဦး၊ မန္တလေးဌာနခွဲမှ အရာထမ်းတစ်ဦး၊ အမှုထမ်းလေးဦး၊ ပုဂံဌာနခွဲမှ အမှုထမ်းနှစ်ဦး ပါဝင်သောအဖွဲ့ဖြင့် ဧပြီပထမပတ်မှစတင်၍ နံရံဆေးရေးပန်းချီနှင့် ရှေးဟောင်းအမွေအနှစ်လက်ရာများ Assessment ကောက်ယူခြင်း၊ ကြွေကျအပိုင်းအစများ၊ နံရံဆေးရေးပန်းချီများ စနစ်တကျကောက်ယူမှတ်တမ်းတင်ပြုစုပြီး မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ထံသို့ အပ်နှံပေးခဲ့သည်။

ဆက်လက်၍ ရှေးဟောင်းသုတေသနပညာရှင်များအဖွဲ့သည် ဧပြီ တတိယပတ်မှ စတင်၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အမရပူရ၊ အင်းဝ၊ ပင်းယ၊ တံတားဦး ရှေးဟောင်းနယ်မြေများရှိ ဘုရားများတွင်ရှိသော ပျက်စီးခဲ့သော နံရံဆေးရေးပန်းချီများအား စာရင်းကောက်ယူမှတ်တမ်းပြုစုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၅)

## ဇီဝဆိုင်ရာအချက်အလက် (Biometric Data) ကောက်ယူခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိ

**မန္တလေး ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မဟာအောင်မြေမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ ကွင်းဆင်းဆောင်ရွက်ပေးသည့်အပြင် မြို့နယ်ရုံးတွင်လည်း ဝန်ထမ်းများက ဇီဝဆိုင်ရာအချက်အလက် (Biometric Data) ကောက်ယူခြင်းလုပ်ငန်းများကို အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

မဟာအောင်မြေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများနှင့် ရပ်ကွက်များအတွင်း နေထိုင်သူ အသက်(၁၀)နှစ်နှင့်အထက် ပြည်သူများ၏ Biographic Data နှင့် Biometric Data များ ကောက်ယူ၍ Database တွင် သိမ်းဆည်းပြီး ဂဏန်း ၁၀ လုံး ပါဝင်သည့် Unique ID နံပါတ်သတ်မှတ်၍ မှတ်ပုံတင်ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် ဇီဝဆိုင်ရာအချက်အလက် (Biometric Data) ကောက်ယူသည့် လုပ်ငန်းစဉ်များအား နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ) (၀၅၆)**



## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၈၁ သိန်းအား ဒသမအကြိမ်မြောက်ထုတ်ချေး

**ရှာင် ဧပြီ ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဒသမအကြိမ်မြောက်ထုတ်ချေးခြင်း အခမ်းအနားကို ဧပြီ ၂၂ ရက် နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျောက်ငှက်ကျေးရွာအုပ်စု တောင်ကြားကျေးရွာ၌ ကျင်းပသည်။

ပထမဦးစွာ ရှာင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က တောင်ကြားကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသူ၊ အသင်းသားများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဦးအောင်လွင်မိုးနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် တက်ရောက်လာသော မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တောင်ကြားကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ကိုင်မည့်အသင်းသူ၊ အသင်းသား ၈၅ ဦးကို အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၈၁သိန်းအား အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း ရှာင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **(အောက်ပုံ)**

**မောင်နိုင်**



## အခြေခံစားသောက်ကုန်နှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ ဈေးမြင့်တင်ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**အမရပူရ ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင်၊ အမရပူရမြို့တွင် အခြေခံစားသောက်ကုန်နှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ ဈေးမြင့်တင်ရောင်းချမှုမရှိစေရေးအတွက် ဧပြီ ၂၃ ရက် နံနက် ၇ နာရီက စတင်၍ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးမှုတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ စားသုံးသူရေးရာ၊ မြို့နယ်စည်ပင်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် ရပ်ကျေးအုပ်မှူးများပါဝင်သောပူးပေါင်းအဖွဲ့ဖြင့် အမရပူရမြို့နယ်အတွင်းရှိ ဘိလပ်မြေအရောင်းဆိုင်များသို့ ရောင်းဈေး၊ ဝယ်ဈေးများနှင့်ပတ်သက်၍ ဈေးမြင့်တင်ရောင်းချမှုမရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးမှုများဆောင်ရွက်ခဲ့ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။ **(ယာပုံ)**

**(၀၈၄)**



## ပဲမျိုးစုံသီးနှံ စုပေါင်းရောင်းချပွဲ ပြုလုပ်ပေးသဖြင့် ဒေသခံတောင်သူများ ရောင်းဝယ်ရေးအဆင်ပြေ

**မွင်းဖြူ ဧပြီ ၂၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်အတွင်းရှိ ဒေသခံတောင်သူများ ဆောင်းရာသီက စိုက်ပျိုးထွက်ရှိသော ပဲမျိုးစုံသီးနှံများကို အဆင်ပြေစွာ ရောင်းချနိုင်ရန်အတွက် တိုင်းဒေသကြီးတောင်သူဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ကာ မင်းဘူးမြို့နယ် စကုမြို့ စင်တာဝါစက်ရုံ၌ တောင်သူသီးနှံစုပေါင်းရောင်းချပွဲ ကျင်းပလျက်ရှိရာ တောင်သူများအတွက် အချိန်ကုန်လူပင်ပန်း သက်သာစွာဖြင့် သီးနှံများရောင်းချခွင့်ရရှိ၍ လုပ်ငန်းအဆင်ပြေလျက်ရှိသည်။

အဆိုပါ တောင်သူသီးနှံစုပေါင်းရောင်းချပွဲကို မင်းဘူးမြို့နယ် စကုမြို့စင်တာဝါစက်ရုံတွင် ယခုနှစ် မတ် ၁၂ ရက်မှ စတင်ကာ တိုင်းဒေသကြီး တောင်သူ ဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပြီး မြင့်မြတ်တော်ဝင်ကုမ္ပဏီနှင့် GBS သီးနှံရောင်းဝယ်ရေးကုမ္ပဏီတို့က တောင်သူများအတွက် သင့်တင့်သော သီးနှံဈေးနှုန်းများ ရရှိစေရန်နှင့် အဆင်ပြေစွာ လာရောက်ရောင်းချနိုင်ရန် စီစဉ်ကျင်းပခြင်းဖြစ်ပြီး ဆောင်းသီးနှံများဖြစ်သည့် ကုလားပဲ၊ ထောပတ်ပဲနှင့် စားတော်ပဲ၊ ပဲကြီး၊ ပဲရင်းနီ စသည့် ပဲမျိုးစုံသီးနှံများကို ဝယ်ယူလျက်ရှိကြောင်း၊ သီးနှံများ ဝယ်ယူရာ၌ အရည်အသွေး အမျိုးအစားပေါ်မူတည်၍ ဈေးကောင်းပေးဝယ်ယူလျက်ရှိသည်။

ယနေ့တွင် တောင်သူသီးနှံစုပေါင်းရောင်းချပွဲ၌ ဝယ်ယူလျက်ရှိသော သီးနှံဈေးနှုန်းမှာ ကုလားပဲသီးနှံ ၉၂၉ မျိုး တစ်တင်းလျှင် ငွေကျပ် ၇၇၅၀၀၊ ကုလားပဲ(ဟော်လန်)မျိုးနှင့် ရေဆင်း - ၁၂ မျိုး တစ်တင်းလျှင် ငွေကျပ် ၇၆၅၀၀ ဖြင့် ရောင်းဝယ်လျက်ရှိပြီး သီးနှံဈေးနှုန်း ပြန်လည်ဈေးတက်လာသဖြင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း မွင်းဖြူမြို့နယ်တောင်သူအကျိုးဆောင်အသင်းဥက္ကဋ္ဌ ဦးမြင့်အောင်ထံမှ သိရသည်။ **(ဝဲပုံ)**

**(၄၄၅)**





# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## တရုတ်နိုင်ငံ၌ လာမည့် အလုပ်သမားနေ့အားလပ်ရက်အတွင်း ပြည်တွင်းနှင့် ပြည်ပခရီးသွားဧည့်သည်ဦးရေ များပြားလာမည်

**ပေကျင်း ဧပြီ ၂၆**

လာမည့် အလုပ်သမားနေ့ အားလပ်ရက်အတွင်း ခရီးသွား လုပ်ငန်းဈေးကွက် အခြေအနေနှင့်ပတ်သက်၍ အကောင်းမြင်သဘောထားရှိပြီး ပြည်တွင်းနှင့် ပြည်ပခရီးသွားဧည့်သည်ဦးရေ များပြားလာမည်ဟု တရုတ်ခရီးသွားအေဂျင်စီများနှင့် ခရီးသွားလာရေး ကျွမ်းကျင်သူများက ခန့်မှန်းထားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ပထမသုံးလပတ်အတွင်း ပြည်တွင်းခရီးသွားဧည့်သည်ဦးရေသည် ၁ ဒသမ ၈ ဘီလီယံခန့်ရှိပြီး ယခင်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်ပါက ၂၆ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ ထို့ပြင် ခရီးသွားလုပ်ငန်းဆိုင်ရာ ကုန်သွယ်မှု ပမာဏသည် ၁ ဒသမ ၈ ထရီလီယံ ယွမ်(ဒေါ်လာ ၂၅၀ ဘီလီယံ) ခန့်ရှိပြီး ၄င်းသည် ယခင်နှစ်ထက် ၁၈ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။



ငါးရက်ကြာမြင့်မည့် မေဒေးအားလပ်ရက်သည် ပထမနှစ်ဝက်အတွင်း တရုတ်နိုင်ငံ၏ နောက်ဆုံးရှည်လျားသော အားလပ်ရက်ဖြစ်သည်။ လက်ရှိအထိ အားလပ်ရက်အတွက် ခရီးသွားလက်မှတ်များ ကြိုတင်မှာယူမှုအပေါ် အခြေခံ၍ အေဂျင်စီများစွာက ပြည်တွင်း ခရီးသွားလုပ်ငန်းဈေးကွက်အခြေအနေသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ပိုမိုကောင်းမွန်လာမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

**Mon**

0-0-0-0-0



ရုရှားသမ္မတ ဗလာဒီမာပူတင်က အမေရိကန် အထူးကိုယ်စားလှယ် စတိဗ်ဝစ်ကော့ဖ်ကို ယမန်နေ့က မော်စကိုမြို့တွင် လက်ခံတွေ့ဆုံနှုတ်ဆက်နေစဉ်။ **Mon**

## အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်ယမန်နှစ်က ဂျပန်နိုင်ငံ၏ စီးပွားရေးကို ကျော်လွှန်သွားခဲ့

**ဝါရှင်တန် ဧပြီ ၂၆**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်၏ စီးပွားရေးသည် ဂျပန်နိုင်ငံ၏ စီးပွားရေးကို ကျော်လွှန်သွားခဲ့ပြီး ထိုပြည်နယ်ကို ကမ္ဘာ့စတုတ္ထ အကြီးဆုံး စီးပွားရေးအင်အားဖြစ်လာစေခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)နှင့် အမေရိကန် စီးပွားရေးဆန်းစစ်လေ့လာရေးဌာနတို့မှ ကယ်လီဖိုးနီးယား၏ စီးပွားရေးတိုးတက်မှုကို ဖော်ပြသည့် အချက်အလက်များကို ပြည်နယ်အုပ်ချုပ်ရေးမှူး ဂေဗင်နယူဆမ် ယမန်နေ့က ထုတ်ပြန်ခဲ့သည်။

အဆိုပါအချက်အလက်များအရ ၂၀၂၄ ခုနှစ်တွင် ကယ်လီဖိုးနီးယား၏ ပြည်တွင်းထုတ်ကုန်(GDP)သည် ၄ ဒသမ ၁၀ ထရီလီယံ ဒေါ်လာ၊ (၃ ဒသမ ၀၈ ထရီလီယံပေါင်)ရှိခဲ့ပြီး ၄ ဒသမ ၀၁ ထရီလီယံ ဒေါ်လာသာရှိသည့် ဂျပန်နိုင်ငံကို ကျော်လွှန်သွားခဲ့သည်။

ယခုအခါတွင် ဤပြည်နယ်သည် ဂျာမနီ၊ တရုတ်နှင့် အမေရိကန်ပြည်ထောင်စုတစ်ခုလုံးတို့၏ နောက်တွင်သာ ရှိတော့ကြောင်း သိရသည်။ **Mon**

**STOP AIDS**

## အိုင်ဖုန်းအများစုကို အိန္ဒိယနိုင်ငံတွင် တပ်ဆင်ထုတ်လုပ်ရန် စီစဉ်

**ဒေလီ ဧပြီ ၂၆**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်နိုင်ငံအကြား အခွန်တင်းမာမှုဖြစ်ပွားနေသည့်အချိန် အက်ပဲလ်က အမေရိကန်ဈေးကွက်တွင် ရောင်းချမည့် အိုင်ဖုန်းအများစုကို လာမည့်၂၀၂၆ ခုနှစ်ကုန်ပိုင်း၌ အိန္ဒိယနိုင်ငံတွင် တပ်ဆင်ထုတ်လုပ်ရန် စီစဉ်ထားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။




ယခုအခါ အမေရိကန်တွင် ရောင်းချသည့် အိုင်ဖုန်းအလုံးရေ သန်း၆၀ အနက် ၈၀ ရာခိုင်နှုန်းခန့်ကို တရုတ်နိုင်ငံတွင် ထုတ်လုပ်လျက်ရှိပြီး ထိုအခွန်တိုးမြှင့်မှုများကြောင့် ကုန်ကျစရိတ်တချို့ မြင့်တက်လာစေမည်ဟု ဆိုသည်။

ကုန်ထုတ်လုပ်မှု တန်ဖိုး ၃ ထရီလီယံဒေါ်လာအထက်ရှိသော အက်ပဲလ်အနေဖြင့် အိန္ဒိယရှိထုတ်လုပ်သူများဖြစ်သည့် ဖောက်စ်ကွန်၊ တာတာကုမ္ပဏီအုပ်စုတို့နှင့် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။ **Mon**

## ရီပတ်ဘလီကန်ကွန်ဂရက်လွှတ်တော်အမတ်ဟောင်း ဂျော့ဆန်းတိုစ် လိမ်လည်မှုများအတွက် ထောင်ဒဏ် ခုနစ်နှစ်ကျော် ချမှတ်ခြင်းခံရ

**ဝါရှင်တန် ဧပြီ ၂၆**

အမေရိကန် ရီပတ်ဘလီကန်ကွန်ဂရက်လွှတ်တော် အမတ်ဟောင်း ဂျော့ဆန်းတိုစ်ကို အွန်လိုင်းလိမ်လည်မှုနှင့် အကြီးစားလိမ်လည်မှုတို့အတွက် ထောင်ဒဏ် ခုနစ်နှစ်ကျော် ယမန်နေ့က ချမှတ်လိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အသက် ၃၆ နှစ်အရွယ် ဆန်းတိုစ်သည် ယမန်နှစ် ဩဂုတ်လက နယူးယောက်တရားရုံးတွင် ပြည်ထောင်စုစွဲချက်များနှင့် ပတ်သက်၍ အပြစ်ဝန်ခံခဲ့သည်။

အမှုစစ်ဆေးသူများက ထောင်ဒဏ် ၈၇ လ(၇ နှစ် ၃ လ)တောင်းဆိုခဲ့သော်လည်း ဆန်းတိုစ်၏ အကျိုးဆောင်ရှေ့နေများက နှစ်နှစ်သို့ လျှော့ပေါ့ပေးရန် တောင်းဆိုခဲ့ရာ နောက်ဆုံးတွင် တရားရုံးက ၈၇ လသာ သတ်မှတ်ခဲ့သည်။

ထိုပြစ်ဒဏ်သည် နယူးယောက်မှ နိုင်ငံရေးသမားတစ်ဦးဖြစ်သူ ဆန်းတိုစ်၏ နိုင်ငံရေး ဂုဏ်သိက္ခာပျောက်ဆုံးမှု၏ နောက်ဆုံးအဆင့်ဖြစ်သည်။ ၄င်းသည် ကိုယ်ရေးရာဇဝင် အချက်အလက်များကို လိမ်လည်ခဲ့ပြီး ၄င်း၏ လူနေမှုဘဝအတွက် ရွေးကောက်ပွဲဘဏ္ဍာများကို အလွဲသုံးစားလုပ်ခဲ့သည်ဟု စွပ်စွဲခံရပြီးနောက် ကွန်ဂရက်မှ ထုတ်ပယ်ခံခဲ့ရသည်။

သတင်းများအရ ဆန်းတိုစ်သည် သောကြာနေ့က တရားရုံးတွင် ငိုကြွေးရင်း မိမိလုပ်ရပ်များအတွက် တောင်းပန်ခဲ့ပြီး "ကျွန်တော်အတိတ်ကို ပြန်ပြင်လို့မရပေမယ့် အနာဂတ်လမ်းကိုတော့ ထိန်းချုပ်နိုင်ပါတယ်" ဟု ပြောကြားခဲ့သည်။

သို့သော် အမှုကို ကြီးကြပ်နေသော တရားသူကြီးက ၄င်း၏ စကားကို ယုံကြည်ဟန် မတူဘဲ "သင် ရွေးကောက်ခံရတာဟာ လှည့်ဖြားမှုတွေနဲ့ပါ" ဟု ဝေဖန်ထောက်ပြခဲ့ကြောင်း သိရသည်။

**Mon**



## လွန်ခဲ့သော နှစ်ပေါင်း ၁၁၃ သန်းခန့်က ပုရွက်ဆိတ် ဘရာဇီးနိုင်ငံအရှေ့မြောက်ပိုင်းမှ ထုတ်ဖော်တွေ့ရှိ

**ဘရာဇီးလီးယား ဧပြီ ၂၆**

လွန်ခဲ့သော နှစ်ပေါင်း ၁၁၃ သန်းခန့်က ဒိုင်နိုဆောများခေတ်တွင် ရှင်သန်ခဲ့ပြီး ထုံးကျောက်တွင်း၌ အထောက်အထားအဖြစ် ကျန်ရစ်ခဲ့သည့် ကောက်ရိုးခုတ်ဓားနှင့်တူသော မေးရိုးများရှိကာ အတောင်ပံပါသော ကြောက်မက်ဖွယ်ပုရွက်ဆိတ်၏ အစောဆုံး ရုပ်ကြွင်းကို သိပ္ပံပညာရှင်များ ဘရာဇီးနိုင်ငံအရှေ့မြောက်ပိုင်းမှ မကြာသေးမီက ထုတ်ဖော်တွေ့ရှိခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။



ဗူလ်ကန်ဒရစ်က ရာတင်းစစ်ဟုအမည်ရသည့် ထိုမျိုးစိတ်၏ မေးရိုးများသည် နတ်ဆိုးနှင့်တူသောကြောင့် "ငရဲပုရွက်ဆိတ်" ဟု အမည်ပေးထားပြီးယနေ့ခေတ်တွင် ဆက်လက်ရှင်သန်နေသည့် မျိုးဆက်များ မရှိတော့ပေ။

၄င်းသည် တစ်လက်မဝက်ခန့် အရှည်ရှိသော အလတ်စားပုရွက်ဆိတ်ဖြစ်ပြီး သားကောင်ကို ချိတ်ဆွဲဖမ်းယူရန် သို့မဟုတ် ထိုးဖောက်ရန် ခွင့်ပြုမည့် အထူးပြုလုပ်ထားသော မေးရိုးများရှိကာ ယနေ့ခေတ် ပုရွက်ဆိတ်အချို့ကဲ့သို့ပင် ၄င်းတွင် အတောင်ပံများရှိပြီး ကျွမ်းကျင်စွာ ပျံသန်းနိုင်ပုံရကြောင်း သိရသည်။

**Mon**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Hung Zitao ရိုက်ကူးရေး နောက်ဆုံးပိုင်းတွင် လက်ထပ်ခွင့်တောင်းခဲ့




တရုတ်အနုပညာရှင် ကေပေါ့ပ်အိပ်ဇိုအဖွဲ့ဝင်ဟောင်း ဟွမ်ဇီတောင်က ရသစုံရှိုး ရိုက်ကူးရေးနောက်ဆုံးအပိုင်း (၁၀)တွင် ချစ်သူကို မျက်ရည်လည်ရွဲ လက်ထပ်ခွင့်တောင်းခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဟွမ်ဇီတောင်သည် ပရိသတ်များနှင့် ဆက်ဆံရာတွင် ရင်းနှီးပွင့်လင်းမှုရှိခဲ့ပြီး ချစ်သူဖြစ်ကြောင်း တရားဝင်ထုတ်ပြခဲ့ပြီးမှ ရိုက်ကူးရေးနောက်ဆုံးပိုင်းတွင် ခမ်းနားစွာ ပြင်ဆင်၍ ချစ်သူကို မျက်ရည်များနှင့် လက်ထပ်ခွင့်တောင်းခဲ့သည်။

ဟွမ်ဇီတောင်သည် အဆိုပါပွဲကို နှစ်နှစ်ကြာ ပြင်ဆင်ခဲ့ရာ ချစ်သူယိယန်ကို တစ်ဘဝစာ လက်တွဲဖော်အဖြစ် ရွေးချယ်ရာတွင် သူ့ကို ပျော်အောင်ထားပေးသူ၊ ဖခင်ကွယ်လွန်ပြီးနောက် အားကိုးရသူအဖြစ်မှ မျက်ရည်များနှင့် ပြောကြား၍ လက်ထပ်ခွင့်တောင်းခဲ့သည်။

ယင်းလက်ထပ်ခွင့်တောင်းခြင်းကို ချစ်သူအား မသိစေဘဲ အံ့အားတသင့်ဖြစ်အောင် လုပ်ခဲ့ခြင်းဖြစ်ပြီး ခမ်းနားသော အပြင်အဆင်များနှင့် လိုက်ဖက်သည့်စုံတွဲကို ပရိသတ်များက နှတ်ဖက်သည့်ဖူးစာဟု သတ်မှတ်ခဲ့ကြသည်။

(SKY)



## သစ်သီးများနှင့် အပင်ထွက်ပစ္စည်းများက ရောဂါများ ကာကွယ်ကုသရန် အထောက်အကူ ဖြစ်စေနိုင်

သစ်သီးများနှင့် အပင်ထွက်ပစ္စည်းများတွင် ဇီဝသက်ရောက်မှုရှိသော ဒြပ်ပေါင်းများ ကြွယ်ဝစွာ ပါဝင်ပြီး ၎င်းတို့သည် ရောဂါမျိုးစုံကို ကာကွယ်ရန်(သို့မဟုတ်)ကုသရန် အထောက်အကူ ဖြစ်စေနိုင်ကြောင်း အာဟာရဗေဒပညာရှင်များ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့သည်။

ယင်းဒြပ်ပေါင်းများ၏ လုပ်ဆောင်မှုပုံစံကို ပိုမိုနားလည်ရန်အတွက် ဘရာဇီးနှင့် ဂျာမနီမှ တက္ကသိုလ်များနှင့် သုတေသနအဖွဲ့အစည်းများမှ သုတေသီများသည် အပြန်အလှန် ဖြည့်စွက်နိုင်သော လေ့လာမှုများကို ပြုလုပ်ခဲ့ကြသည်။

အဆိုပါသုတေသီများ၏ တွေ့ရှိချက်အချို့နှင့်ပတ်သက်၍ ဘာလင်မြို့တော်ရှိ အခမဲ့တက္ကသိုလ်တွင် ကျင်းပခဲ့သော အနာဂတ်အစာနှင့်အာဟာရသုတေသနအကြောင်း ဟောပြောပွဲ၌ တင်ပြခဲ့ပြီးဖြစ်သည်။

မြူးနစ်တက္ကသိုလ်မှ ပါမောက္ခအူလ်ရစ်ချ်ဒူးဘရင့် Ulrich Dobrindt က ဆေးဖက်ဝင်အပင်များတွင် သဘာဝအလျောက်ဖြစ်ပေါ်နေသော ဓာတုဒြပ်ပေါင်းများဖြစ်သည့် မျိုးစုံသော အပင်ထွက်ဓာတုပစ္စည်းများ ပါဝင်ပြီး ၎င်းတို့သည် ဘက်တီးရီးယား ကူးစက်မှုများကို မတူညီသော နည်းလမ်းများဖြင့် တိုက်ဖျက်နိုင်ပုံကို ရှင်းပြခဲ့ကြောင်းသိရသည်။

SCI




## G Dragon ၏ Ubermensch မှာ QQ Music တွင် ထိပ်ဆုံးစာရင်းဝင်ခဲ့

ကမ္ဘာ့ဂီတလောကတွင် နာမည်ကျော်ဖြစ်ခဲ့သည့် QQ Music ၏ Palace Golden Diamond Records တွင် ကမ္ဘာကျော်ဂီတအနုပညာရှင်များကို ကျော်လွန်၍ ဂျီဒရယ်ဂွန်၏ Ubermensch က ထိပ်ဆုံးစာရင်းဝင်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

နိုင်ငံတကာတွင် ရက်အတိုဆုံးနှင့် ကျော်ကြားခဲ့သော ဂီတအယ်လ်ဘမ်စာရင်းကို QQ Music က ထုတ်ပြန်ထားရာ ဂျီဒရယ်ဂွန်၏ Ubermensch က လေးရက်၊ ဘလက်ပင့်ခ်၏ The Album က ငါးရက်၊ Born Pink က ၁၆ ရက်၊ ဘစ်ဘန်၏ MADE က ၇၂ ရက်၊ တေလာဆွစ်၏ Lover က ၂၅၄ ရက်နှင့် စာရင်းဝင်ခဲ့ကြသည်။

ဂျီဒရယ်ဂွန်က ဂီတကို ကျော်လွန်သူဟု သတ်မှတ်ခဲ့သည်နှင့်အညီ ထိပ်ဆုံးနေရာရထားသည်။

(SKY)

## Dylan Wang @ Wang HeDi ၏ ကြော်ငြာသစ် ထွက်ရှိလာ



တရုတ်အနုပညာရှင် ဒါလန်ဝေါင်(ခေါ်)ဝမ်ဟီဒီ၏ Yadea ကုန်အမှတ်တံဆိပ် ကြော်ငြာသစ် ထွက်ရှိလာရာ ပရိသတ်များ အပျော်ကူးစက်ခဲ့ကြကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ချောမောခန့်ညားပြီး အဖြူရောင်ဝတ်စုံနှင့် ဝမ်ဟီဒီသည် ကမ္ဘာ့နံပါတ်တစ် ကုန်ပစ္စည်းအမှတ်တံဆိပ် Yadea နှင့် လက်တွဲ၍ ကြော်ငြာသစ်ထွက်ရှိခဲ့ရာ နွေးထွေးသောအပြုံးနှင့် ပရိသတ်အပျော်များ ကူးစက်ခဲ့ကြသည်။

အဆိုပါ ပွဲတက်ခဲ့သည့် ပရိသတ်များက ဝန့်ထမ်းများ ဖော်ရွေ၍ ပရိသတ်ကို အစစအရာရာ ဂရုစိုက်ပေးသဖြင့် ဝမ်ဟီဒီနှင့် လက်တွဲမှုအပေါ် ကြော်ငြာရှင်ရော၊ ပရိသတ်ရော ကုမ္ပဏီကပါ ပျော်ရွှင်ခဲ့ကြရသည်ဟု မှတ်ချက်ကောင်းပေးထားသည်။

(SKY)

## Kieran Culkin က A Real Pain ရုပ်ရှင်မှ နုတ်ထွက်လုနီး ဖြစ်ခဲ့

ရုပ်ရှင်ဆုပေးပွဲရာသီတစ်ခုတွင် ဆုကြီးလေးဆု ဆွတ်ခူးရရှိထားပြီး အော်စကာဆု (၉၇)ကြိမ်မြောက်တွင် ဇာတ်ပို့ဆု ရရှိခဲ့သည့် ကီရမ်ကူလ်ကင်သည် A Real Pain ရုပ်ရှင်မှ နုတ်ထွက်လုနီးပါးဖြစ်ခဲ့ကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားဒါရိုက်တာနှင့် သဘောတူညီမှု ရရှိထားပြီး ရိုက်ကူးရေး နှစ်ပတ်အလိုတွင် နုတ်ထွက်ရန် တောင်းဆိုခဲ့၍ ထုတ်လုပ်သူ၊ ချစ်သူဟောင်း အီမာစတုန်းက အကျပ်ကိုင်၍ ဖြေရှင်းပေးခဲ့သည်ဟု အင်တာဗျူးတစ်ခုတွင် ပြောကြားထားသည်။

ကီရမ်ကူလ်ကင်နှင့် အီမာစတုန်းတို့ ၂၀၁၀ ဝန်းကျင်က ချစ်သူများအဖြစ် တစ်နှစ်တွဲ၍ ပြတ်စဲခဲ့နို့၌ ရင်းနှီးသော ဆက်ဆံရေးရှိခဲ့ကာ ရုပ်ရှင်ရိုက်ကူးရေး ကုန်ကျစရိတ်များရော၊ ဇာတ်ဆောင်ရွေးချယ်ထားမှုအတွက်ပါ အီမာစတုန်းက အကျပ်ကိုင်၍ ကလေးလက်ဆွဲပြန်ခေါ်လာ ခဲ့ရာမှ ရွှေကမ္ဘာလုံးဆု၊ Critics Award ဆု၊ BAFTA ဆု၊ SAG ဆုများ ဆွတ်ခူးရရှိခဲ့ကာ အော်စကာဆုကိုပါ ဆွတ်ခူးရရှိခဲ့သည်။

(SKY)

0-0-0-0-0-0




## Celine Dion ၏ My Heart Will go on မှာ ပြီးပြည့်စုံသည့် ဇာတ်ဝင်တေးဖြစ်

တိုက်တန်းနစ်ဇာတ်ဝင်တေး My Heart Will go on ကို စလင်းဒီယွန် သီဆိုထားပြီး ပြီးပြည့်စုံသည့် သီချင်း၊ ဇာတ်ဝင်တေးတစ်ပုဒ်အဖြစ် စွဲထင်ကျန်ရစ်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဇာတ်ဝင်တေးများတွင် နာမည်ကြီး အဆိုတော်၏ ဇာတ်ဝင်တေး၊ အနုပညာအရပြောစမှတ်တွင်ကျန်၍ ဂီတဆု၊ ရုပ်ရှင်ဆုရသည့် ဇာတ်ဝင်တေး၊ စီးပွားရေးအရရော၊ ရောင်းအားစာရင်းတွင်ပါ ထိပ်ဆုံးတက်နိုင်သည့် ဇာတ်ဝင်တေး၊ အဆိုတော်နှင့် ဇာတ်ကားအတွက် တံဆိပ်ကပ်ပေးနိုင်သည့် ဇာတ်ဝင်တေးစသည်တို့နှင့် ပြီးပြည့်စုံခဲ့သည့် စလင်းဒီယွန်၏ My Heart Will go on ဖြစ်ခဲ့သည်။

အနုပညာအရ အောင်မြင်မှုနှင့်အတူ အဆိုတော်၏ ပိုင်နိုင်ကျွမ်းကျင်မှု၊ စာသားသီးသန့်ရေးသည့် ဆရာကြီး ဝီလ်ဂျက်နင်း၏ ဖန်တီးမှု၊ ဒါရိုက်တာ ဂျိမ်းကမရွန်၏ ထက်မြက်မှုတို့ကြောင့် ယင်းသီချင်းသည် အော်စကာဆု၊ ဂရမ်မီဆု အပါအဝင် အခြားရုပ်ရှင်ဆုပေါင်းများစွာ ဆွတ်ခူးနိုင်ခဲ့ပြီး စလင်းဒီယွန်၏ အနုပညာသက်တမ်းတစ်လျှောက် ရောင်းအားအကောင်းဆုံးနှင့် ကမ္ဘာကျော် ဇာတ်ဝင်တေးဖြစ်ခဲ့သည်။

(SKY)

## Lisa ၏ Alter Ego တစ်ကိုယ်တော်ဂီတ အယ်လ်ဘမ်က နိုင်ငံပေါင်း ၄၃ နိုင်ငံတွင် ထိပ်ဆုံးရရှိ




ဘလက်ပင့်ခ်အဖွဲ့ဝင်လီဆာ၏ Alter Ego အယ်လ်ဘမ်မှာ နိုင်ငံပေါင်း ၄၃ နိုင်ငံတွင် iTunes တွင် ထိပ်ဆုံးနေရာ ရရှိထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီဆာ၏ အဆိုပါအယ်လ်ဘမ်မှာ Global Top Albums Debut Chan တွင် နံပါတ်တစ်နှင့် ပွဲဦးထွက်ခဲ့ပြီး Spotify ယူအက်စ်အေ၊ ယူကေတို့၌လည်း နံပါတ်တစ်နှင့် ငါးနေရာချိတ်ခဲ့ကာ ဘရာဇီး၊ ပီရူး၊ ကိုလန်ဘီယာ၊ မက္ကဆီကို၊ စပိန်စသည့် နိုင်ငံပေါင်း ၄၃ နိုင်ငံ၌လည်း နံပါတ်တစ်၊ နှစ်၊ သုံး၊ လေး၊ ခုနစ်၊ ရှစ်၊ တစ်ဆယ့်တစ်နေရာ ရခဲ့သည်။

လီဆာ၏ Alter Ego မှာ UK Daily Top Artist Chart တွင် နံပါတ် (၈၇)ဖြင့် ပထမဆုံးဝင်ရောက်နိုင်ခဲ့သည့် အမျိုးသမီးကေပေါ့ပ်အဆိုတော်အဖြစ် စံချိန်တင်ခဲ့သည်။

(SKY)

0-0-0-0-0-0

# ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေး



**မိုင်းယောင်း ဧပြီ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ပေးနိုင်ရန် မိုင်းယောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်ခေါင်းဆောင်သော ခရိုင်စစ်ကြောင်း(၅)ကြောင်းအဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ဝမ်မန်းကျေးရွာအုပ်စု၊ ဝမ်တုံကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မိုင်းယောင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ်အကြောင်း၊ လူကုန်ကူးမှုအန္တရာယ်ဆိုင်ရာ သိကောင်းစရာများ၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ကင်းစင်ရေး အသိပညာပေးခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆွေးနွေးပွဲကို ပြုလုပ်ရာ တက်ရောက်လာသူများက ပြည်သူ့စစ်မှုထမ်းကိစ္စရပ်များနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်း၍ ခရိုင်အုပ်ချုပ်ရေးမှူးက ပြန်လည်ဖြေကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) မြို့နယ်(ပြန်/ဆက်)**

# (၇၉)နှစ်မြောက်နှစ်ပတ်လည်နေ့ကို ကြိုဆိုသောအားဖြင့်ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**ကျိုင်းတုံ ဧပြီ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက၂၀၂၅ ခုနှစ်၊ မေ ၅ရက်နေ့တွင်ကျရောက်မည့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏(၇၉)နှစ်မြောက်နှစ်ပတ်လည်နေ့ကို ကြိုဆိုသောအားဖြင့် ဧပြီ ၂၅ရက်၊ နံနက် ၇ နာရီခွဲ က ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျိုင်းတုံခရိုင် မီးသတ်ဦးစီးမှူး ဦးထက်အောင်၏ ကြီးကြပ်မှုဖြင့် ကျိုင်းတုံမြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူထိုက် ဦးစီး၍ သန္ဓေ အရန်တပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များက ရပ်တော်မူဘုရားနှင့် ဇွန်တောင်းဘုရားတို့တွင် ဘုရားရေချမ်း၊ ပန်းလဲလှယ်ပေးခြင်း၊ ဘုရားရေသပ္ပာယ်ပေးခြင်းနှင့် ရင်ပြင်တော် အတွင်း၊ အပြင်များကိုဆပ်ပြာရေဖြင့် ပက်ဖျန်းကာတံမြက်စည်းလှည်းခြင်း၊ ကြမ်းတိုက်ခြင်း၊ အညစ်အကြေးများ ဆေးကြောခြင်းများ ဆောင်ရွက်ခဲ့ကြ ကြောင်း သိရသည်။

(ဝ၅၇)

ဝ-ဝ-ဝ-ဝ-ဝ

# ကယ်ဆယ်ရေးပစ္စည်းများ၊ အလှူပစ္စည်းများပေးအပ်

**သာစည် ဧပြီ ၂၆**

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြောင့် သာစည်မြို့နယ်မှ သေဆုံး၊ ဒဏ်ရာရပြည်သူများနှင့် လုံးဝပျက်စီးခဲ့သော နေအိမ်များအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ပေးအပ်သော ထောက်ပံ့ငွေ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် ပြည်တွင်းပြည်ပမှ လှူဒါန်းသော အလှူပစ္စည်းများ ပေးအပ်ပွဲကို ဧပြီ ၂၅ ရက် မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ခန်းမတွင် ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး သေဆုံးသူ ၄၇ ဦးအတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀၀၊ ဒဏ်ရာရသူ ၆၄ ဦးအတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၅၀၀၀၀၊ လုံးဝပျက်စီးနေအိမ် ၄၄ အိမ်အတွက် စုစုပေါင်းတန်ဖိုးငွေကျပ် ၄၁၆၀၃၃၂ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ပုံးများကို တစ်အိမ်ထောင်တစ်ပုံးနှင့် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော အလှူပစ္စည်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးစိုးနှင့် သာစည်မြို့နယ်မှ တာဝန်ရှိသူများက သက်ဆိုင်ရာမိသားစုဝင်များနှင့် ကာယကံရှင်များထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

(၄၈၇)



# စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**မူဆယ် ဧပြီ ၂၆**

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှု၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ယနေ့ နံနက် ၇ နာရီတွင် မူဆယ်မြို့၊ ကောင်းမှုတုံ ရပ်ကွက်ရှိ နမ့်စေးချောင်းတစ်လျှောက် အမှိုက်များ ဆယ်ယူခြင်း၊ သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်း၊ ချောင်းအတွင်းရှိ နုန်းများ ဆယ်ယူခြင်းလုပ်ငန်းများကို ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် ဌာနေ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ် ဖွဲ့ဝင်များ ပူးပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ နမ့်စေးချောင်းသည် မူဆယ်မြို့တွင်း ဖြတ်သန်းစီးဆင်းပြီး တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့မှ ရွှေလီမြစ်ထဲသို့ စီးဝင်သည့် ချောင်းဖြစ်၍ မိုးတွင်းကာလရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးနှင့် အမှိုက်သရိုက်များ ရွှေလီမြစ်ထဲသို့ မရောက်ရှိအောင် ကြိုတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ (ဝ၄ဝ)

# ဘိလပ်မြေများကို ဈေးနှုန်းမြှင့်တင်ရောင်းချသူများအား စစ်ဆေး ဖော်ထုတ်အရေးယူမည်

**မန္တလေး ဧပြီ ၂၆**

ငလျင်လှုပ်ရှားပြီးနောက်ပိုင်း အဆောက်အအုံများ ပျက်စီးမှုများကြောင့် ဈေးကွက်လိုအပ်ချက်ဟုဆိုကာ ဆောက်လုပ်ရေးလုပ်ငန်းသုံး ဘိလပ်မြေများကို ဈေးနှုန်းမြှင့်တင်ရောင်းချသူများ ရှိလာရာ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်၍ တွေ့ရှိပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဘိလပ်မြေ ဝယ်လိုအားမြင့်လာတာနဲ့ တချို့က အခွင့်ကောင်းယူပြီး အဆမတန်ဈေးနှုန်းမြှင့်ရောင်းချကြတယ်။ အဲ့ဒီလိုရောင်းချမှုမရှိအောင် ပူးပေါင်းအဖွဲ့နဲ့ ဆောက်လုပ်ရေးဆိုင် ၃၀၀ ကျော်ကို စစ်ဆေးခဲ့တယ်။ ဝယ်ရင်းဈေးထက် ၁၀ ရာခိုင်နှုန်းကနေ ၁၅ ရာခိုင်နှုန်းအထိ အမြတ်တင်ရောင်းချကြတာတွေ့ရပြီး အရေးယူမှုတွေ ဆောင်ရွက်သွားမှာပါ"ဟု တာဝန်ရှိသူက ပြောသည်။

စစ်ဆေးမှုများအရ နေပြည်တော်ကောင်စီနယ်မြေတွင် မြို့နယ်(၈)မြို့နယ်မှ ၅၉ ဆိုင်နှင့်၊ ဂိုထောင်တစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် မြို့နယ်(၃၄)ခုမှ ၈၇ ဆိုင်နှင့် ပြည်ပမှ ဘိလပ်မြေတင်သွင်းရောင်းချသည့် ကုမ္ပဏီ သုံး ခုတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် မြို့နယ် ၁၁ ခုမှ ၈၈ ဆိုင်တို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် စစ်ကိုင်းမြို့နယ်မှ ၄ ဆိုင်၊ ပဲခူးတိုင်းဒေသကြီးတွင် မြို့နယ်(၃)ခုမှ ၁၉ ဆိုင်၊ ရှမ်းပြည် နယ်တွင် မြို့နယ်(၃)ခုမှ ၅၉ ဆိုင်တို့ကိုလည်းကောင်း စုစုပေါင်း ဆောက်လုပ်ရေးပစ္စည်းဆိုင် ၃၂၀ ကို ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ ဝယ်ရင်းဈေးထက် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းထိ အမြတ်ယူရောင်းချလျက်ရှိသည့် ဆိုင်ပေါင်း ၃၀ နှင့် ၁၅ ရာခိုင်နှုန်းနှင့် အထက် အမြတ်ယူရောင်းချသည့် ဆိုင် ၃၂ ဆိုင်တွေ့ရှိခဲ့သည်။

အလားတူ ဆောက်လုပ်ရေးသုံးပစ္စည်းများကို အဆမတန်ဈေးနှုန်းမြှင့်ရောင်းချသူများအား ဆက်လက်ဖော်ထုတ်၍ တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေးစစ်ဆေး လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**



| အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄၅)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| မီဝေါလ် | ၁ - ဝ | ဆွမ်ဆီး | |
| ဘလက်ဘန်း | ၂ - ၁ | ဝက်စ်ဗို့ဒ် | |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| စထရာဘို့ | ၃ - ၁ | စိန့်အက်တီယန် |

| အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၄)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ချဲလ်ဆီး | ၁ - ဝ | အဲဗာတန် |
| ဘရိုက်တန် | ၃ - ၂ | ဝက်စ်ဟမ်း |
| နယူးကာဆယ် | ၃ - ဝ | အစ်ဆွစ်ချ် |
| ဆောက်သမ်တန် | ၁ - ၂ | ဖူလ်ဟမ် |
| ဝုဖ် | ၃ - ဝ | လက်စတာ |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| လေဗာကူဆင် | ၂ - ဝ | အော့စ်ဘတ် |
| ဘိုင်ယန်မြူးနစ် | ၃ - ဝ | မိန့်ဇ် |
| ဟော်ဖန်ဟိမ်း | ၂ - ၃ | ဒေါ့မွန် |
| ဝုဖ်ဘတ် | ဝ - ၁ | ဖရိုင်းဘတ် |
| ဟော်စတိုင်း | ၄ - ၃ | ဂလာဘတ် |

# ရန်ကင်းဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပန သာစုကီဠနသဘင် ကျင်းပ



**မုံရွာ ဧပြီ ၂၆**

မုံရွာမြို့၊ ရန်ကင်းရပ်၊ ရန်ကင်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက၊ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မစကူးလ်ဖောင်ဒေးရှင်းဗဟိုဥက္ကဋ္ဌ ဘဒ္ဒန္တပညာဝံသ၏ အန္တိမအဂ္ဂိစျာပန သာစုကီဠနသဘင် ပထမပိုင်း အခမ်းအနားကို ဧပြီ ၂၅ရက် နံနက်က ရန်ကင်းကျောင်းတိုက် ဓမ္မာရုံတော်တွင် ကျင်းပသည်။

အခမ်းအနားကို သဗ္ဗေသန်္ဓါရာ အနိစ္စာတိ အစရှိသော သုံးဂါထာ ရွတ်ဆိုဖွင့်လှစ်ပြီး မုံရွာမြို့ မဟာလယ်တီကျောင်းတိုက်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး မဟာဇောတိကာရာမ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇောဒယက သာရဏီယသဒ္ဒေသက ကထာမြွက်ကြားတော်မူသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး သံဃနာယကအဖွဲ့မှ ပေးပို့အပ်သည့် သံဝေဂဉာဏ်ပွားတော်မူကြောင်း သဝဏ်လွှာ၊ စစ်ကိုင်းတိုင်းဒေသကြီး သာသနာရေးမှူးရုံးက ပေးပို့ဆက်ကပ်သော ဝမ်းနည်းကြောင်းသဝဏ်လွှာများကို တာဝန်ရှိဆရာတော်များက ဖတ်ကြားတော်မူကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များကို လှူဖွယ်များ ဆက်ကပ်လှူဒါန်းတော်မူကြပြီး ရန်ကင်းဆရာတော်ကြီး ထေရုပတ္တိအကျဉ်းနှင့် ပစ္ဆိမဝန္ဒနာဂါထာတော်တို့ကို ဆရာတော်များက ဖတ်ကြားတော်မူကြပြီး မုံရွာမြို့၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလလင်္ကာရက သံဝေဂဓမ္မကထာဟောကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ တာဝန်ရှိသူက အပြစ်ရှိပါက ခွင့်လွှတ်တော်မူပါရန် တောင်းပန်ကန်တော့လွှာကိုတိုင်ပေးရာ တပည့်ရဟန်းရှင်လူများက လိုက်ဆိုလျက် ရှိခိုးကန်တော့တောင်းပန်ကြပြီး သံဃာတော်များနှင့် ဧည့်ပရိသတ်များက ဟန္ဒဒါနိဘိက္ခဝေအစချီ ပစ္ဆိမဗုဒ္ဓဝစနကို ရွတ်ဆိုပွားများ၍ ပထမပိုင်းအခမ်းအနားကို ရုပ်သိမ်းသည်။

ဒုတိယပိုင်းအစီအစဉ်တွင် ရန်ကင်းဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ရန်ကင်းဓမ္မာရုံကြီးပေါ်မှ စံကျောင်းမဏ္ဍပ်သို့ အခမ်းအနားဖြင့် ပင့်ဆောင်ကြပြီး မွန်းလွဲပိုင်းတွင် ဆရာတော်ရုပ်ကလာပ်ကို ဇယင်ကျုံးဖြင့် ပူဇော်ကြကြောင်းသိရသည်။

**(အပေါ်ဝဲပုံ)(၃၉၄)**

## ဝေဘူချောင် ယာယီငလျင်ရှောင်စခန်းရှိ ငလျင်ဘေးသင့် အိမ်ထောင်စုများအား စားသောက်ကုန်များထောက်ပံ့



**မန္တလေး ဧပြီ ၂၆**

မြန်မာနိုင်ငံကြက်ခြေနီအသင်းကိုယ်စား မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ကျောက်ဆည်မြို့နယ်၊ ဝေဘူတောင်ခြေရှိ ဝေဘူချောင်ယာယီငလျင်ဘေးရှောင်စခန်းရှိ ငလျင်ဘေးဒဏ်သင့် အိမ်ထောင်စု ၅၇ စုအတွက် တစ်အိမ်ထောင်လျှင် ဆန် ၂၄ ပြည်ဝင်အိတ် တစ်အိတ်၊ စားသုံးဆီ တစ်လီတာဘူး တစ်ဘူး၊ ခေါက်ဆွဲခြောက်ထုပ် ၁၀ထုပ်၊ ငါးသေတ္တာဘူး နှစ်ဘူးတို့ကို မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီစေတနာလုပ်အားရှင်များက ဧပြီ ၂၄ရက်က သွားရောက်ဖြန့်ဝေပေးခဲ့သည်။ ထို့အပြင် အိမ်ထောင်စု ၅၇စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၀၀၀၀နှုန်းဖြင့် ငွေကျပ် ၂၈၅၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ အနယ်နယ်အရပ်ရပ်မှ လှူဒါန်းသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို ငလျင်ဒဏ်ခံစားရသည့် ရပ်ရွာလူထုထံ လက်ရောက်ပေးအပ်နိုင်ရန် အသင်းအနေဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)(ဝ၄၅)**



## ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုရားများအား ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဧပြီ ၂၆**

အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့မှုကြောင့် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ ၈၂လမ်း၊ ၂၁လမ်းနှင့် ၂၂လမ်းကြားတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ချမ်းသာသက်ရှည်ဘုရား၊ ဗောင်းတော်ကျဘုရား၊ ဂေဇတ်ရဘုရားနီဘုရား၊ မြသိန်းတန်ဘုရားတို့အား ဧပြီ ၂၅ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပရိဝုဏ်အတွင်း ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**(အပေါ်ပုံ)(ဝ၇ဝ)**

## စားသောက်ကုန်ပစ္စည်းများ ပြည်သူ့သက်သာဈေးဖြင့် ရောင်းချ



**မြစ်သား ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကူမဲမြို့ အမှတ်(၁)ရပ်ကွက်ရှိ တောက်ပရစ်ဇာတ်ရုံအတွင်း၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စားသောက်ကုန်ပစ္စည်းများ ပြည်သူ့သက်သာ ဈေးရောင်းချပေးခြင်းကို ဧပြီ ၂၅ရက် နံနက် ၇နာရီက ရောင်းချပေးခဲ့သည်။

အဆိုပါ ပြည်သူ့သက်သာဈေးရောင်းချရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ အခြေခံစားသောက်ကုန်ရောင်းချသည့် လုပ်ငန်းရှင်များ ပြင်ပပေါက်ဈေးထက်ဈေးနှုန်းချိုသာစွာ ရောင်းချပေးရာ ဒေသခံပြည်သူများမှ လာရောက်ဝယ်ယူခဲ့ကြသည်။ ထို့သို့ ရောင်းချပေးရာတွင် ဝက်သားတစ်ပိဿာ ၂၆၀၀၀ ကျပ်ဖြင့် ပိဿာပေါင်း ၃၀ အားလည်းကောင်း၊ အမဲသား တစ်ပိဿာ ၂၈၀၀၀ ကျပ်ဖြင့် ပိဿာပေါင်း ၃၀အား လည်းကောင်း၊ ဆိတ်သား တစ်ပိဿာ ၂၈၀၀၀ ကျပ်ဖြင့် ပိဿာပေါင်း ၁၀အားလည်းကောင်း၊ ကြက်သားတစ် ပိဿာ ၂၀၀၀၀ ကျပ်ဖြင့် ပိဿာပေါင်း ၁၀ အား လည်းကောင်း၊ ငါးတစ်ပိဿာ ၁၀၀၀၀ ကျပ်ဖြင့် ပိဿာပေါင်း ၁၀ အား လည်းကောင်း၊ ကြက်ဥတစ်လုံး ၄၀၀ကျပ်ဖြင့် ၁၂၀၀ လုံးအား လည်းကောင်း၊ မနောသုခ ဆန် တစ်ပြည် ငွေကျပ် ၃၃၀၀ဖြင့် ဆန်အိတ် နှစ်အိတ်(ဆန်ပြည်ပေါင်း ၄၈ပြည်)အား လည်းကောင်း၊ စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၈၀၀၀ဖြင့် ပိဿာပေါင်း ၃၀၀အား လည်းကောင်း၊ ခရမ်းချဉ်သီးတစ်ပိဿာ ငွေကျပ် ၁၀၀၀ ဖြင့် ပိဿာပေါင်း၃၀ နှင့် ဟင်းသီးဟင်းရွက်မျိုးစုံတို့ကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့သည်။

ပြည်သူ့သက်သာဈေးရောင်းချရာသို့ မြစ်သားမြို့နယ်၊ ကူမဲမြို့ မြို့အုပ်ချုပ်ရေးမှူးဦးနိုင်ဇော်နှင့် အဖွဲ့ဝင်များ၊ မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ညိုညိုဝင်းနှင့်တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

## Golden City Hotel အဆောက်အအုံမှ သေဆုံးသူ ရုပ်အလောင်းနှစ်လောင်း ထပ်မံတွေ့ရှိ

**မန္တလေး ဧပြီ ၂၆**

ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော မန္တလေး၊ လမ်း၃၀၊ လမ်း၇၀နှင့် ၇၁လမ်းကြားရှိ Golden City Hotel အဆောက်အအုံအား ယနေ့ နံနက်ပိုင်းမှစ၍ ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်စဉ် နံနက် ၁၀ နာရီခန့်တွင် သေဆုံးသူ အမျိုးသားနှစ်ဦး၏ ရုပ်အလောင်းအား ရှာဖွေတွေ့ရှိခဲ့ပြီး တစ်ဦး၏ရုပ်အလောင်း ရှာဖွေရန် ကျန်ရှိနေသေးသည်ဟု သိရသည်။

အဆိုပါ ရှာဖွေရှင်းလင်းရေးလုပ်ငန်းများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပြင်ဦးလွင်မြို့နယ်၊ ဓိုးပင်ကြီးတို့မှ မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြကြောင်း သိရသည်။ **(ယာပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လူငယ်များ၏စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကို သိရှိလေးစားလိုက်နာတတ်ရန်နှင့် ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကို ကျေပွန်စွာ ပြုမူနေထိုင်တတ်စေရန်လည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ပြည်တွင်းဈေးကွက်တွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဈေးနှုန်းအဆမတန် မြှင့်တင်ရောင်းချနေမှုများအား အရေးယူဆောင်ရွက်သွားမည်

နေပြည်တော် ဧပြီ ၂၆

မတ် ၂၈ ရက်က မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့သဖြင့် နေပြည်တော်ကောင်စီ နယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် စသည့်ဒေသခြောက်ခု၌ လူနေအိမ်နှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရပြီး အရေးပေါ်အခြေအနေ ကြေညာခဲ့ရသည်။

အဆိုပါ ငလျင်ဒဏ်သင့်ဒေသများတွင် အများပြည်သူ၊ ဌာနဆိုင်ရာများက ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် ဝိသမစီးပွားရေးလုပ်ငန်းရှင် အချို့မှာ ၎င်းတို့၏ကိုယ်ကျိုးစီးပွားကို ရှေးရှုပြီး ဆောက်လုပ်ရေးလုပ်ငန်းသုံး

စာမျက်နှာ ၅ သို့ ✻



ဌာနဆိုင်ရာများပါဝင်သည့် ပူးပေါင်းအဖွဲ့က ဧပြီ ၂၃ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်နှင့် သိုလှောင်ရုံများအား စစ်ဆေးဆောင်ရွက်စဉ်။


ယနေ့ ဖတ်စရာ အညွှန်း

ဘိုဝင်အား ခေါ်ယူရန် နယူးကာဆယ်အသင်းနှင့် စပါးအသင်းတို့ အပြိုင်စိတ်ဝင်စား
စာမျက်နှာ ၁၁

ဘဝအသိ စာမှာရှိ အလင်းတံခါးဖွင့်ကြသည် (ဆောင်းပါး)
စာမျက်နှာ ၁၇

သစ်သီးများနှင့် အပင်ထွက်ပစ္စည်းများက ရောဂါများကာကွယ်ကုသရန် အထောက်အကူ ဖြစ်စေနိုင်
စာမျက်နှာ ၂၀


## မြန်မာဘောလုံးအကယ်ဒမီ ကျောင်းသားသစ် ရွေးချယ်ပွဲ(ရန်ကုန်ဇုန်)တွင် လူငယ် ၃၀၀ ကျော် လာရောက်ရွေးချယ်ခံ

**ရန်ကုန် ဧပြီ ၂၆**

ရန်ကုန်နှင့် မန္တလေးရှိ မြန်မာအမျိုးသား ဘောလုံးအကယ်ဒမီများ၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပဏာမအဆင့် ကစားသမား ရွေးချယ်ခြင်း(ရန်ကုန်)အား ယနေ့ ဧပြီ ၂၆ ရက်က လေ့ကျင့်ကွင်း (၁)တွင် ပြုလုပ်ခဲ့ရာ ကစားသမား ၃၀၀ ကျော် လာရောက်အရွေးခံခဲ့သည်။

အဆိုပါ ရွေးချယ်ခြင်း အစီအစဉ်ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ နည်းစနစ်ဒါရိုက်တာ ဂျပန်နိုင်ငံသား မစ္စတာမိတက ဦးစီးဆောင်ရွက်ခဲ့ပြီး လာမည့်ရက်များတွင်လည်း အခြားမြို့ကြီးများ၌ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြို့နယ်အလိုက် အား/ကာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဘောလုံးအဖွဲ့ချုပ်များ၊ ဒေသခံ လက်ရွေးစင်ဟောင်းများနှင့် ဆက်သွယ်၍ အကယ်ဒမီ ကျောင်းသားသစ်ရွေးချယ်ရေး အစီအစဉ်များကို ဆက်လက်သတင်းထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(NGB)

